ဟန်ကား တဓယောသင်္ခါရာဟူသည်တည်း။ ထို့နောင် ပရိနိဒ္ဒေသဝါရကို ဟောတော်မူ၏။ ကား။ ကာယသင်္ခါရော ဝစီသင်္ခါရော စိတ္တသင်္ခါရောဟူသည်တည်း။

၁။ တယော၊ သုံးပါးကုန်သော။ သင်္ခါရာ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကာယသင်္ခါရော စ၊ လည်းကောင်း၊ ဝစီသင်္ခါရော စ၊ လည်းကောင်း။ စိတ္တသင်္ခါရော စ၊ လည်းကောင်း။ ဣတိဣမေ ဤသည်တို့တည်း။ တနည်းကား၊ ကာယသင်္ခါရော စ လည်းကောင်း။ ဝစီသင်္ခါရော စ၊ လည်းကောင်း။ စိတ္တသင်္ခါရော စ၊ လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ ကုန်သော။ သင်္ခါရာ၊ တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ထို့နောင် ဝိဘာဂဝါရကို ဟောတော်မူ၏။ ထိုဝိဘာဂဝါရ၌တုံသည်လည်း သရူပဒဿနဝါရ နယဝါရအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သရူပဒဿနဝါရကို။ ၏။ ထို၌တုံသည်လည်း ကာယသင်္ခါရ၏ သရူပဒဿနဝါရ ဝစီသင်္ခါရ၏ သရူပဒဿနဝါရ စိတ္တသင်္ခါရ၏ သရူပဒဿနဝါရအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ကာယသင်္ခါရ၏ သရူပဒဿနဝါရကို။ ၏။ ဟောဟန်ကား အဿာသပဿာသာ ကာယသင်္ခါရော ဟူသည်တည်း။ ထို့နောင် ဝစီသင်္ခါရ၏ သရူပဒဿနဝါရကို ဟောတော်မူ၏။ ဟောဟန်ကား ဝိတက္ကဝိစာရာ ဝစီသင်္ခါရောဟူသည်တည်း။ ထို့နောင် စိတ္တသင်္ခါရ၏ သရူပဒဿနဝါရကို ဟောတော်မူ၏။ ကား။ သညာ စ ဝေဒနာ စ စိတ္တသင်္ခါရော ဌပေတွာ ဝိတက္ကဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော ဟူသည်တည်း။ ။အဿာသပဿာသာ၊ ထွက်သက်ဝင်သက် တို့သည်။ ကာယသင်္ခါရော၊ မည်၏။

**အမှာ** အဿာသ ပဿာသ ကား ကာယ သင်္ခါရော၌ သညီနာမ်ဖြစ်သော တုလျတ်။ ကာယသင်္ခါရောကား သညာနာမ ဖြစ်သော လိင်္ဂတ်စပ်။ ဤ၌ တုလျတ်လိင်္ဂတ်ဂုဏ် ပြားသည်။ ။တနည်းကား၊ အဿာသပဿာသာ၊ တို့သည်၊ ကာယသင်္ခါရော၊ မည်သည်။ ဟောတိ၊ ဖြစ်၏။ ။ဟောတိ၌ သညီသညာ စပ်။ နောက်ကဏ္ဍားသာ ပဓာနဖြစ်၍ ဟောတိ ကြိယာ ထားသည်။

ဝိတက္ကဝိစာရာ၊ ဝိတက်ဝိစာရတို့သည်။ ဝစီသင်္ခါရော၊ မည်၏။ သညာစ၊ သညာသည်လည်းကောင်း။ ဝေဒနာစ၊ ဝေဒနာသည်လည်းကောင်း။ စိတ္တသင်္ခါရော၊ မည်၏။ ဝိတက္ကဝိစာရေ၊ ဝိတက်ဝိစာရတို့ကို။ ဌပေတွာ၊ ထား၍။ သဗ္ဗေပိ၊ ကုန်သော။ စိတ္တသမ္ပယုတ္တကာ၊ ကုန်သော။ ဓမ္မာပိ၊ တို့သည်လည်း။ စိတ္တသင်္ခါရော၊ မည်၏။

**အဓိပ္ပါယ်** ကာယသင်္ခါရ ဟူသည်ကား စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော ကရဇကာယ၏ အကျိုးဆက် ဖြစ်သော အဿာသ ပဿာသ ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်တည်း။

**အမှာ** သံကရိယတေတိသင်္ခါရော။ ယောသဘာဝေါ၊ ကို။ ကာယေန၊ ကရဇ ကာယသည်။ သံကရိယတေ၊ အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောသဘာဝေါ၊ ထိုသဘောတရားသည်။ သင်္ခါရော၊ သင်္ခါရမည်၏။ ။သင်္ခါရော ကား ကမ္မသာဓနကိတ်ပုဒ်၊ သံကရိယတေကား ကမ္မသာဓန ကိတ်ဝိဂြိုဟ်။ သံပုဗ္ဗကရဓာတ်။ ဏပစ္စည်း။ သံပုဗ္ဗ ကရဓာတ်၏ အရ ကတ္တုကြိယာကား စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယ၏ ဥပါဒ်သည် မျှအားဖြင့်ရ၏။ ကမ္မကြိယာကား ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသပဿာသတို့၏ ဥပါဒ်သည် ကာရကရူပစာရတ္တ အားဖြင့် ရ၏။ ဏပစ္စည်း အရကား ထိုကာရကရူပစာရတ္တအားဖြင့် မှတ်အပ်သော ဥပ္ပါဒဝန္တဖြစ်သော အဿာသပဿာသဖြစ်သော စိတ္တဇဝါယောဓာတ်ရ၏။ ။ကာယေန သင်္ခါရော ကာယသင်္ခါရော။ ကာယေန၊ ကရဇကာယသည်။ သင်္ခါရော၊ ပြုပြင်အပ်သည်တည်း။ ကာယသင်္ခါရော၊ ကရဇကာယသည် ပြုပြင်အပ်သည်။ ကာယသင်္ခါရော ကား တတိယာတပ္ပုရိသ်သမာသ်ပုဒ်၊ ကာယေနသင်္ခါရော ကား တတိယာတပ္ပုရိသ်သမာသ်ဝိဂြိုဟ်။ ကာယပုဒ် သင်္ခါရပုဒ်။ ကာယသင်္ခါရော ဟူသော သမာသ်ပုဒ်၏ အရကား ကရဇကာယ၏

အကျိုးဆက်ဖြစ်သော အဿာသ ပဿာသ ဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်ရ၏။

ထိုကာယသင်္ခါရသည် ဘုံအားဖြင့် ရူပဘုံ အရူပဘုံ၌ မဖြစ်။ ကာမတဆဲ့တဘုံ၌သာ ဖြစ်၏။ စိတ္တုပ္ပါဒ်အားဖြင့်ကား ဒွေပဉ္စဝိညာဏ်တဆယ် ပဋိသန္ဓေစုတိမှ တပါးသော ကာမစိတ်လေးဆဲ့လေးခု၌သာ ဖြစ်၏။

ဈာန်အားဖြင့်ကား ပဥ္စမဈာန် ဒုတိယဈာန်၌ဖြစ်၏။ စတုတ္ထဈာန်၌ မဖြစ်။

စိတ္တုပ္ပါဒ်အားဖြင့်ကား ဒွေပဉ္စဝိညာဏ် တဆယ် ပဋိသန္ဓေစုတိမှတပါးသော ကာမစိတ် လေးဆဲ့လေးခု၌သာ ဖြစ်၏။

ပုဂ္ဂိုလ်အားဖြင့်ကား အမိဝမ်း၌ ကိန်းသောပုဂ္ဂိုလ်။သေသော ပုဂ္ဂိုလ်။နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်။စတုတ္ထဈာန်ဝင်စား နိုက်သော ကာမပုဂ္ဂိုလ်။ရူပပုဂ္ဂိုလ်။ အရူပပုဂ္ဂိုလ်။ရေ၌ ကိန်းသော ပုဂ္ဂိုလ်၊ မုစ္ဆာကာလ၌ ဖြစ်သောပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့၌ မဖြစ်။ ဗလဝါရမ္မဏဖြစ်သော ကာမပုဂ္ဂိုလ်၌သာ ဖြစ်၏။

မုစ္ဆာကာလဟူသည်ကား ရေမွှန်းစဉ် သစ်ပင်ထက်မှကျစဉ် မြွေဆိပ်အစရှိသည်ဖြင့် ထိစဉ်ကိုဆိုသည်။ ။ထွက်သက်အစကား ချက်။ အဆုံးကား နှာခေါင်းဖျား နှုတ်သီးဖျား တည်း။ ။ ဝင်သက်၏အစကား နှာခေါင်းဖျား နှုတ်သီးဖျား။ အဆုံးကား ချက်တည်း။ ။ဝိသုဒ္ဓိမဂ်။ ။တနာရီသော် ထွက်သက် သုံးရာ ခြောက်ဆယ်။ ဝင်သက် သုံးရာ ခြောက်ဆယ်ဖြစ်၏။ ထွက်သက် ဝင်သက်ကို ပေါင်းသော် ခုနစ်ရာနှစ်ဆယ် ဖြစ်၏။ တနေ့သော် ထွက်သက်ဝင်သက် လေးသောင်းသုံးထောင်နှစ်ရာ ဖြစ်၏။

ဝစီသင်္ခါရဟူသော်ကား– ဝစီ၏အကြောင်းဖြစ်သော ဝိတက် ဝိစာရတည်း။

ထိုဝစီသင်္ခါရသည် ဘုံအားဖြင့် အသညသတ်ဘုံမှ တပါးသော အလုံးစုံသောဘုံ၌ဖြစ်၏။

ဈာနအားဖြင့်ကား မူလ ဘူတ ဖြစ်သော ပဌမဈာန်၌သာ ဖြစ်၏။

စိတ္တုပ္ပါဒ်အားဖြင့်ကား ဒွေပဉ္စဝိညာဏ်မှတပါးသော ကာမ စိတ် လေးဆဲ့လေးခု၌သာ ဖြစ်၏။

ပုဂ္ဂိုလ်အားဖြင့်ကား အသညသတ်ပုဂ္ဂိုလ်။ နိရောဓသမာပတ် ဝင်စားနိုက်သောပုဂ္ဂိုလ်။သေသောပုဂ္ဂိုလ်မှတပါးသော အလုံးစုံ သော ပုဂ္ဂိုလ်၌ ဖြစ်၏။

သံကရောတီတိသင်္ခါရော။ ယောသဘာဝေါ၊ အကြင်သဘော တရားသည်။ ဝစီယာ၊ ဝစီဘေဒသဒ္ဒကို။ သံကရောတိ၊ ပြုပြင်တတ် ၏။ ဣတိတသ္မာ၊ ကြောင့်။ သောသဘာဝေါ၊ သည်။ သင်္ခါရော၊ မည်၏။ သင်္ခါရောကား ကတ္တုသာဓနကိတ်ပုဒ်။ သံကရောတိကား ကတ္တုသာဓနကိတ်ဝိဂ္ဂြိုဟ်။ သံပုဗ္ဗကရဓာတ်ဏပစ္စည်း။ သံပုဗ္ဗကရ ဓာတ်၏အရကား ဝိတက်ဝိစာရတို့၏ သဟဇာတစသော ပစ္စယ သတ္တိရ၏။ဏ ပစ္စည်းအရကား ထိုသတ္တိဖြင့် မှတ်အပ်သောသတ္တိ မန္တဖြစ်သော ဝိတက်ဝိစာရ ရ၏။ ။ဝစီယာသင်္ခါရော ဝစီသင်္ခါ ရော။ ဝစီယာ၊ ဝစီဘေဒသဒ္ဒကို။ သင်္ခါရော၊ ပြုပြင်တတ်သည့် တည်း။ ဝစီသင်္ခါရော၊ ဝစီဘေဒသဒ္ဒကိုပြုပြင်တတ်သည်။ ဝစီသင်္ခါ ရောကား ဒုတိယာ တပ္ပုရိသ် သမာသ်ပုဒ်။ဝစီယာ သင်္ခါရောကား သမာသ်ဝိဂ္ဂြိုဟ်။ ဝစီပုဒ် သင်္ခါရောပုဒ်၊ ဝစီသင်္ခါရော ဟူသော သမာသ်ပုဒ်၏အရကား ဝိတက်ဝိစာရရ၏။

စိတ္တသင်္ခါရ ဟူသော်ကား ဝိတက် ဝိစာရမှ တပါးသော စေတသိက်ငါးဆယ်တည်း။

သံကရိယတေယတိသင်္ခါရော။ယောသဘာဝေါ၊ကို။စိတ္တေန၊သည်။ သံကရိယတေ၊ အပ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောသဘာဝေါ၊ သည်။ သင်္ခါရော၊ မည်၏။ သင်္ခါရောကား ကမ္မသာဓန ကိတ်ပုဒ်။ သံကရိယတေ ကား ကမ္မသာဓနကိတ်ဝိဂ္ဂြိုဟ်။ သံပုဗ္ဗကရဓာတ်။ ဏပစ္စည်း။သံပုဗ္ဗကရဓာတ်၏အရ ကတ္တုတ္ထကြိယာကား အလုံးစုံ သော စိတ်တို့၏ဥပါဒ်သည်မှချအားဖြင့်ရ၏။ကတ္တုတ္ထကြိယာကား

ဝိတက်ဝိစာရမှတပါးသော စေတသိက်ငါးဆယ်တို့၏ ဥပါဒ်သည် ကာရဏဘူပစ္စယဿအားဖြင့်ရ၏ ကာပစ္စည်းအရကား ထိုကာရဏဘူပ စယဿအားဖြင့် မှတ်အပ်သော ဥပ္ပါဒဝန္တဖြစ်သော စေတသိက် ငါးဆယ်ရ၏။ ။စိတ္တေန သင်္ခါရော စိတ္တသင်္ခါရော။စိတ္တေန၊သည်။ သင်္ခါရော၊ ပြုပြင်အပ်သည်တည်း။ စိတ္တသင်္ခါရော၊ စိတ်သည် ပြုပြင် အပ်သည်။ စိတ္တသင်္ခါရောကား တတိယာ တပ္ပုရိသ် သမာသ်ပုဒ်။ စိတ္တေနသင်္ခါရောကား တတိယာတပ္ပုရိသ်သမာသ်ဝိဂ္ဂြိုဟ်။ စိတ္တပုဒ် သင်္ခါရပုဒ်။ စိတ္တသင်္ခါရောဟူသောသမာသ်ပုဒ်၏အရကား ဝိတက် ဝိစာရမှတပါး စေတသိက်ငါးဆယ်ရ၏။

ထိုစိတ္တသင်္ခါရသည်ဘုံအားဖြင့်အသညသတ်ဘုံမှတပါးအလုံးစုံ သောဘုံ၌ဖြစ်၏။

ဈာန်အားဖြင့် အလုံးစုံသောဈာန်၌ဖြစ်၏။

စိတ္တုပ္ပါဒ်အားဖြင့်ကား အလုံးစုံသော ကာမစိတ် ငါးဆယ် လေးခု၌ဖြစ်၏။

ပုဂ္ဂိုလ်အားဖြင့်ကား အသညသတ် ပုဂ္ဂိုလ်။ နိရောဓသမာပတ် ဝင်စားနိုက်သောပုဂ္ဂိုလ်။ သေသော ပုဂ္ဂိုလ်မှ တပါး အလုံးစု ပုဂ္ဂိုလ်၌ဖြစ်၏။

တပါးသောယမိုက်တို့၌ သရူပက္ခါဝါရကိုမဆိုမူ၍သင်္ခါရယမိုက် ၌သာလျှင် အဘယ့်ကြောင့် ဆိုလေသနည်းဟူမူကား ခန္ဓာအစ ရှိသည်တို့ကိုကား ဝိဘင်းအစရှိသော ကျမ်းတို့၌ သရုပ်ထုတ်၍ ဟောခဲ့ပြီး ဖြစ်သောကြောင့် သရုပ်ကို သိအပ်ပြီးသည် ဖြစ်သ တည်း။ ။ဤကာယသင်္ခါရ အစရှိသည်တို့ကိုမူကား ရှေး၌သရုပ် ထုတ်၍ မဟောအပ်သောကြောင့် သရုပ်ကိုမသိအပ်သည်ဖြစ်အံ့ သော်။ ထို့ကြောင့် ဤသင်္ခါရယမိုက်၌သာလျှင် သရူပက္ခါဝါရကို ဟောတော်မူသတည်း။ ။စိတ္တသင်္ခါရသည် ဝိတက်ဝိစာရမှတပါး စေတသိက် ငါးဆယ်တည်း။ ထိုသို့ဖြစ်လျက် စိတ္တသမုဋ္ဌာနကာ ဓမ္မာစိတ္တသင်္ခါရော ဟောတော်မူလျှင် သညာဝေဒနာလည်းစိတ္တ သမ္ပယုတ်တရားပင်ဖြစ်၍ ပြီးကောင်းပြီ။ ထိုသို့ပြီးကောင်းပြီလျက်

အဘယ့်ကြောင့် သညာ ဝေဒနာကို အထူး ဟောလေသနည်း ဟူမူကား ဝေဒနာနှင့်သညာသည် ခန္ဓာအထူးဖြစ်၍ ဟောတော်မူသည်။ ။စိတ္တသင်္ခါရဟူသော အမည်သည် အလုံးစုံသောစိတ်ကြောင့်ဖြစ်ကုန်သော စေတသိက်တရားတို့၏ အမည်တည်း။ ။ ထိုသို့လျှက် ဌပေတွာ ဝိတက္က ဝိစာရေဟူ၍ အဘယ့်ကြောင့် ဟောတော်မူအပ်သနည်း ဟူမူကား ဝိတက်ဝိစာရတို့ကို ဝစီသင်္ခါရအဖြစ်ဖြင့် အသီးယူအပ်လေပြီးဖြစ်သောကြောင့် ဌပေတွာ ဝိတက္ကဝိစာရေဟု ဟောတော်မူအပ်၏။ ။ထို့ကြောင့်အဋ္ဌကထာ၌။ ။ဝိတက္ကဝိစာရာနံပန ဝစီသင်္ခါရဘာဝေန ဝိသုံ ဂဟိတတ္တာ ဌပေတွာ ဝိတက္ကဝိစာရေတိဝုတ္တံ။ ။ဟုမိန့်အပ်၏။ ။သရူပဏ္ဏာဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ နယဝါရကိုဟောတော်မူ၏။ ထိုနယဝါရ၌ တုံသည်လည်း ပဒသောဓနဝါရ ပဒသောဓနမူလစက္ကဝါရ သုဒ္ဓသင်္ခါရအရာ၌တည်သောကြောင့် သုဒ္ဓသင်္ခါရဝါရလည်းကောင်း မည်ပါသော သုဒ္ဓသင်္ခါရဝါရအားဖြင့်သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပဒသောဓနဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသည်လည်း အနုလုံ ပစ္စနိက်အားဖြင့်နှစ်ပါးအပြားရှိ၏။ ထိုတွင်အနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ ဤသို့အစရှိသည်စစ်မြစ်၍ အောက်ယမိုက်ကဲ့သို့ဟောလေ။ ။ ဤသို့လျှင် သင်္ခါရယမိုက်၏ ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ၌ ဝါရငယ်သုံးပါး။ နယခြောက်ပါး။ ယမက နှစ်ဆဲ့လေးပါး။ ပုစ္ဆာလေးဆဲ့ရှစ်ပါး။ အတ္ထကိုးဆဲ့ခြောက်ပါးဖြစ်သတည်း။

အဋ္ဌစတ္တာလီသာဟောန္တိ၊ ပုစ္ဆာသင်္ခါရယမကေ။
ပဏ္ဏတ္တိဝါရ ဥဒ္ဒေသေ၊ ဆနဝုတိ ဧဝ ယျာ ဝိဘာဝိနာ။

---

**၁-ပဏ္ဏတ္တိဝါရနိဒ္ဒေသ**
**ပဒသောဓနဝါရ အနုလောမ**

၈။ ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ နိဒ္ဒေသကို ဟောတော်မူ၏။ ထိုနိဒ္ဒေသ၌တုံသည်လည်း ဝဝတ္ထာန်ကိုဆိုမြဲ။

ကာယေ ကာယ သမ္ဘိရောတိ။နော။ ။ကာယသမ္ဘိရောကာယေ တိ။နော။ ။အနုလောမ၌ ကာယေဟူသော။လ။ကား။ စတု သမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော အကြောင်းဖြ သော ကရဇ ကာယရ၏။

ထို ကရဇကာယသည် အကြောင်းဖြစ်သော ကာယသော် ကားမည်၏။ အကျိုးဖြစ်သော ကာယသမ္ဘိရ မမည်သောကြောင့် ကာယသမ္ဘိရောဟူသော သံသယပုဒ်၏အရမရှိ။ ထိုသို့သန္နိဋ္ဌာန် ပုဒ်၏ အရသာရှိ၍ သံသယပုဒ်၏ အရမရှိသောကြောင့် ကာယ မည်သောတရားသည် ကာယသမ္ဘိရ မည်သလောဟု မြတ်စွာ ဘုရား၌ တစုံတခုသောသံသယသည် မရှိသော်လည်း ဝေနေ ယျဇ္ဈာသယ အားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် မောဃပဉ္စာဖြင့် မေးတော်မူသည့်အားလျော်ပတ်စွာ ကာယ မည်သောတရားသည် ကာယသမ္ဘိရ မမည်သည်သာ ဖြစ်သော ကြောင့် သံသယပုဒ်၏အရကို မြစ်တော်မူသောအားဖြင့် အဖြေ ငါးပါးတို့တွင် နောဟုပဋိသေဓ ဝိသဇ္ဇနာဖြင့် ဖြေတော်မူ၏။ ပဋိလောမ၌ သန္နိဋ္ဌာန်ကား ကရဇကာယ၏ အကျိုးဆက်ဖြစ် သော အဿာသပဿာသဟု ဆိုအပ်သော စိတ္တဇဝ ယော ဓာတ်ရ၏။ ။ကောဋ္ဌာသတင်မြဲ။

ဝစီဝစီသမ္ဘိရောတိ။နော။ ။ဝစီသမ္ဘိရောဝစီတိ။နော။ ။အနု လောမ၌ သန္နိဋ္ဌာန်ကား အကျိုးဆက်ဖြစ်သော ဝစီဘေဒသဒ္ဒ ရ၏။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား ဝစီဘေဒသဒ္ဒ၏အကြောင်း ဖြစ်သော ဝိတက်ဝိစာရရ၏။

စိတ္တံ စိတ္တသမ္ဘိရောတိ။ နော။ ။စိတ္တသမ္ဘိရောစိတ္တန္တိ။နော။ ။ အနုလောမ၌ သန္နိဋ္ဌာန်ကား အကြောင်း ဖြစ်သော စိတ်တခု ယုတ်ကိုးဆယ်ရ၏။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား အကျိုးဖြစ်သော ဝိတက်ဝိစာရမှတပါးသော စေတသိက်ငါးဆယ်ရ၏။ ။အနုလုံ ပြီး၏။

## ပစ္စနီက

နကာယော နကာယသင်္ခါရောတိ။ ကာယသင်္ခါရော နကာယော ကာယသင်္ခါရော၊ ကာယဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ နစေဝကာယော နစကာယသင်္ခါရော။ နကာယသင်္ခါရော နကာယောတိ။ ကာယော နကာယသင်္ခါရော. ကာယော၊ ကာယဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ နစေဝကာယော နစကာယသင်္ခါရော။ ။အနုလောမ်၌ နကာယောဟူသော သန္နိဋ္ဌာန် ပုဒ်၏အရကား ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသ ပဿာသဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ်ရ၏။ ကာယ ကာယသင်္ခါရမှတပါး စိတ်တခုယုတ်ကိုးဆယ်။ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ပညတ်လည်းရ၏။ ။သံသယကား နောက်သာရ၏။

**အမှာ** ကာယ၏အရသည် စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော ကရဇကာယ တည်း။ အဘယ့်ကြောင့် ကရဇကာယမည်သနည်း ဟူမူကား ကရောတိ နိဗ္ဗတ္တေတီတိ ကရော။ မာတာပိတူနံ သုက္ကသောဏိတံ။ ကရ၏အရသည်ကား မိဘတို့၏ သုက်သွေးတည်း။ ။ကရေနဇာတော ကရဇော။ ။ ကရေန၊ ကြောင့်။ ဇာတော၊ ဖြစ်သည်တည်း။ ကရဇော၊ တို့၏ သုက်သွေးကြောင့်ဖြစ်သည်။ ။ဤသို့သော ဝစနတ္ထကြောင့် ကရဇ ကာယမည်၏။ ဤသို့ဝစနတ္ထနှင့်အညီ ကရဇကာယ မဟုတ်သော ရုပ်သည်လည်း ရှိသင့်သောကြောင့် ရုပ်အဋ္ဌဝီသကို နကာယော ကာယသင်္ခါရ အရ၌ ကောက်သည်။

တနည်းကား ဤဝစနတ္ထကို နိဒဿန ဥပလက္ခဏနည်းယူ၍ ကာမဘုံ၌ ထွက်သက်ဝင်သက်ကိုဖြစ်စေနိုင်သော အဇ္ဈတ္တစတုသမုဋ္ဌာနိကရုပ်အပေါင်းသည် ကာယမည်၏။ ။ထိုရုပ်မှတပါးအဿာသ ပဿာသ မရှိသော ရူပဘုံ၌ ဃာနဇိဝှါကာယ ဇုတ္တိဘော ပုမ္ဘောကြဉ်သော တိသမုဋ္ဌာန်ဖြစ်သော ရုပ်နှစ်ဆဲ့သုံးခု ဗဟိဒ္ဓ

ဖြစ်သော ဥတုဇကလာပ်ရုပ်ကို နကာယ နကာယသင်္ခါရ အရ၌ ကောက်သင့်၏

ပဋိလောမ၌သန္နိဋ္ဌာန်ကား စတုသမုဋ္ဌာနိကရုပ်ဟုဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယရ၏။ ။အနုလောမ သံသယ လည်းရ၏။

နဝစီ နဝစီသင်္ခါရောတိ။ ဝစီသင်္ခါရော နဝစီ ဝစီသင်္ခါရော၊ ဝစီဥ ဝစီသင်္ခါရဥ ဌပေတွာ အဝသေသာ နစေဝဝစီ နစဝစီ သင်္ခါရော။ ။နဝစီသင်္ခါရော နဝစီတိ။ ဝမ်နဝစီသင်္ခါရောဝစီ၊ ဝစီဥ ဝစီသင်္ခါရဥ ဌပေတွာ အဝသေသာ နစေဝဝစီနစဝစီသင်္ခါရော။ အနုလောမ၌ သန္နိဋ္ဌာန်ကား ဝိတက်ဝိစာရရ၏။ ဝစီ ဝစီသင်္ခါရ မှတပါး စိတ်တခုယုတ်ကိုးဆယ် စေတသိက် ပညာသ ရုပ်အဌ ဝီသ နိဗ္ဗာန်ပညတ်လည်းရ၏။ ။သံသယကား နောက်သာရ၏။ ။ ပဋိလောမ၌ သန္နိဋ္ဌာန်ကား ဝစီဘေဒသဒ္ဒ ရ၏။ ။သံသယ ကောက်မြဲ။

နစိတ္တံနစိတ္တသင်္ခါရောတိ။ စိတ္တသင်္ခါရော နစိတ္တံ စိတ္တသင်္ခါရော၊ စိတ္တဥ စိတ္တသင်္ခါရဥ ဌပေတွာ အဝသေသာ နစေဝစိတ္တံ နစစိတ္တ သင်္ခါရော။ ။နစိတ္တသင်္ခါရော နစိတ္တန္တိ။ စိတ္တံ နစိတ္တသင်္ခါရောစိတ္တံ၊ စိတ္တဥ စိတ္တသင်္ခါရဥ ဌပေတွာ အဝသေသာ နစေဝစိတ္တံ နစစိတ္တ သင်္ခါရော။ ။အနုလောမ သန္နိဋ္ဌာန်ကား ဝိတက်ဝိစာရမှတပါး စေတသိက် ပညာသရ၏။ စိတ္တစိတ္တသင်္ခါရမှတပါး ဝိတက်ဝိစာရ ရုပ်အဌဝီသ နိဗ္ဗာန် ပညတ်လည်းရ၏။ သံသယနောက်သာ။ ။ ပဋိလောမ၌ သန္နိဋ္ဌာန်ကား စိတ်တခုယုတ်ကိုးဆယ်ရ၏။ ။အနု လောမသံသယလည်းရ၏။ ။ပဒသောဓနဝါရ ပြီး၏။

---

## ၂-ပဒသောဓန မူလစက္ကဝါရ အနုလောမ

ပဒသောဓန ဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဒ သောဓနမူလစက္ကဝါရကို ဟောတော်မူ၏။ စစ်မြဲ။ ။ကာယော ကာယသင်္ခါရောတိ။နော။ ။သင်္ခါရာ ဝစီသင်္ခါရောတိ။ဝစီသင်္ခါရော

သံဝရောခေဝ ဝစီသံဝရောစ။ အဝသေသာသံဝရာ နဝစီသံဝရော။ အနုလောမ၌ သန္နိဋ္ဌာန်ကား စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော အကြောင်းဖြစ်သော ကရဇကာယရ၏။ ။သံသယအရမရှိ။ ။ ပဋိလောမ၌ သန္နိဋ္ဌာန်ကား ကာယသံဝရ စိတ္တသံဝရရ၏။ ဝစီသံဝရလည်းရ၏။ ။သံသယကား နောက်သာရ၏။ ။ကောဋ္ဌာသပြန်။ ။စိတ္တသံဝရထည့်၍ ဤနည်းအတူဟောလေ။ ။ဝစီဝစီသံဝရောတိ။နော။ ။သံဝရာ ကာယသံဝရောတိ။ကာယသံဝရော သံဝရောစေဝ ကာယသံဝရောစ၊ အဝသေသာ သံဝရာ နကာယသံဝရော။ ။အနုလောမ၌ကား ဝစီဘေဒသဒ္ဒရ၏။ ။ပဋိလောမ၌ကား ဝစီသံဝရ စိတ္တသံဝရရ၏။ ။ကာယသံဝရလည်းရ၏။ သံသယကား နောက်သာ။ ။စိတ္တသံဝရထည့်၍လည်း ဤအတူ။ စိတ္တံစိတ္တသံဝရောတိ။နော။ ။သံဝရာ ကာယသံဝရောတိနည်းတူ။ ။ အနုလုံပြီးပြီ။

---

## ပစ္စနီက

ပစ္စနိက်၌ နကာယော နကာယသံဝရောတိ။ ကာယသံဝရော နကာယော ကာယသံဝရော၊ ကာယဉ္စ ကာယသံဝရဉ္စဌပေတွာ အဝသေသာ နစေဝကာယော နစကာယသံဝရော။ ။နသံဝရာ နဝစီသံဝရောတိ။ အာမန္တာ။ ။အနုလောမ၌ သန္နိဋ္ဌာန်ကား ပဒသောခနေ့ အတိုင်းကောက်။ ပဋိလောမ၌ နသံဝရာဟူသော သန္နိဋ္ဌာန်ကား သံဝရမှတပါး စိတ်တခုယုတ် ကိုးဆယ် ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ပညတ်ရ၏။ သံသယရင်းရ၏။ ။ဤနည်းအတူ ပဋိလောမ၌ မထူးပြီ။ ကုန်အောင်ဟောလေ။ ။နသံဝရာအရကိုသာ ကောက်လေ။ ။စက်ပြီး၏။

---

## ၃-သုဒ္ဓသံဝရဝါရ အနုလောမ

သုဒ္ဓဝါရ၌။ ။ကာယသံဝရော ဝစီသံဝရောတိ။နော။ ။ဝစီသံဝရော ကာယသံဝရောတိ။နော။ ။အနုလောမ၌ သန္နိဋ္ဌာန်

ကား အဿာသပဿာသဟု ဆိုအပ်သော စိတ္တဇဝါယောဓာတ် ရ၏။ သံသယအရမရှိ။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား ဝိတက် ဝိစာရ ရ၏။ သံသယ အရ မရှိ။ ။ဤနည်းအတူ ကောက်လေ။ ကာယသင်္ခါရော စိတ္တသင်္ခါရောတိ။နော။ ။စိတ္တသင်္ခါရော ကာယ သင်္ခါရောတိ။နော။ ။ဝစီသင်္ခါရော စိတ္တသင်္ခါရောတိ။ နော။ ။ အနုလုံ ပြီး၏။

---

**ပစ္စနီက**

ပစ္စနီက်၌ နကာယသင်္ခါရော နဝစီသင်္ခါရောတိ။ ဝစီသင်္ခါရော နကာယသင်္ခါရော ဝစီသင်္ခါရော၊ ကာယသင်္ခါရဉ္စ ဝစီသင်္ခါရဉ္စ ဌပေတွာ အဝသေသာ နစေဝကာယသင်္ခါရော နစဝစီသင်္ခါရော။ နဝစီသင်္ခါရော နကာယသင်္ခါရောတိ။ ကာယသင်္ခါရော နဝစီသင်္ခါ ရော ကာယသင်္ခါရော၊ ဝစီသင်္ခါရဉ္စ ကာယသင်္ခါရဉ္စ ဌပေတွာ အဝသေသာ နစေဝဝစီသင်္ခါရော နစကာယသင်္ခါရော။ ။အနု လောမ၌ သန္နိဋ္ဌာန်ကား ဝိတက် ဝိစာရရ၏။ ကာယသင်္ခါရ ဝစီ သင်္ခါရမှတပါး စိတ် တခုယုတ်ကိုးဆယ် စေတသိက်ပညာသ ရုပ် အဋ္ဌဝီသ နိဗ္ဗာန်ပညတ်လည်းရ၏။ ။သံသယကား နောက်သာ ရ၏။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား အဿာပဿာသဟုဆို အပ်သော စိတ္တဇဝါယောဓာတ်ရ၏။ အနုလောမ သံသယလည်း ရ၏။ ။န ကာယသင်္ခါရော နစိတ္တသင်္ခါရောတိ။ အနုလောမ၌ သန္နိဋ္ဌာန်ကား ဝိတက် ဝိစာရမှတပါး စေတသိက်ပညာသရ၏။ ကာယသင်္ခါရ စိတ္တသင်္ခါရမှတပါး စိတ် တခုယုတ်ကိုးဆယ် ဝိတက် ဝိစာရ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ပညတ်လည်းရ၏။ ။နဝစီသင်္ခါရော နစိတ္တသင်္ခါရောတိ၌ကား ဝိတက် ဝိစာရမှတပါး စေတသိက် ပညာသရ၏။ ။ဝစီသင်္ခါရ စိတ္တသင်္ခါရမှတပါး စိတ် တခုယုတ် ကိုးဆယ် ရုပ်အဋ္ဌဝီသ နိဗ္ဗာန် ပညတ်လည်းရ၏။ ။ပဋိလောမ၌ နည်းတူကောက်။ ။သုဒ္ဓပြီးပြီ။ ။ပဏ္ဏတ္တိဝါရပြီးပြီ။

---

## ၂-ပစ္စတ္ထိ ၁-ဥပ္ပါဒဝါရ

### ၁-ပစ္စုပ္ပန္နဝါရ အနုလောမ ပုဂ္ဂလ

ပဏ္ဏတ္တိဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဝတ္တိဝါရ ကိုဟောတော်မူ၏။ ပဝတ္တာနဲ့ဆိုမြ။လ။ ပစ္စုပ္ပန္နဝါရ၌ တုံသည် လည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ပုဂ္ဂလဝါရ စသည်စစ်မြ။ ဆိုမြ။ ။ကာယသမ္မောဟမူ ဝစီသမ္မောဟမူ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်။လ။ ကာယသမ္မောဟမူ၌ တုံသည်လည်း ဝစီသမ္မောဟမူလီ·စိတ္တသမ္မောဟမူလီအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝစီသမ္မောဟမူလီကို။၏။ကား။ ယဿကာယသင်္ခါရော ဥပ္ပဇ္ဇတိ တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ။ ဝိနာဝိတက္ကဝိစာရေဟိ အဿာသပဿာ သာနံ ဥပ္ပါဒက္ခဏေ တေသံကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊ နောစ တေသံ ဝစီသင်္ခါရော ဥပ္ပဇ္ဇတိ။ ပဉ္စမဈာနံ သမာပန္နာနံ ကာမာ ဝစရာနံ အဿာသပဿာသာနံ ဥပ္ပါဒက္ခဏေ။ ။ယဿဝါပန။ ဝိနာ အဿာသပဿာသေဟိ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။ ဝိတက္ကဝိစာရေဟိ၊ ဝိတက်ဝိစာရတို့နှင့်။ ဝိနာ၊ ကင်း၍။ တနည်း ကား၊ ဝိတက္ကဝိစာရေဟိ၊ ဝိတက် ဝိစာရတို့ကို။ ဝိနာ၊ ကြဉ်၍။ အဿာသပဿာသာနံ၊ တို့၏။ ဥပ္ပါဒက္ခဏေ၊ ဥပ္ပါဒက္ခဏာ၌။ ဝတ္တမာနာနံ၊ ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ် တို့အား။လ။ ပဉ္စမဈာနံ၊ ပဉ္စမဈာန်ကို။ သမာပန္နာနံ၊ ဝင်စားကုန်သော ပုဂ္ဂိုလ်တို့အား။ အဿာသပဿာသာနံ၊ တို့၏။ ဥပ္ပါဒက္ခဏေ၊ ၌လည်းကောင်း။ ကာမာဝစရာနံ၊ ကာမာဝစရ ပုဂ္ဂိုလ်တို့အား။ အဿာသပဿာသာနံ၊ တို့၏။ ဥပ္ပါဒက္ခဏေ၊ ၌လည်းကောင်း။ ဝတ္တမာနာနံ၊ ဖြစ်ကုန်သော။ တေသံ၊ တို့အား။လ။ ယဿဝါပန ။လ။ အဿာသပဿာသေဟိ၊ တို့နှင့်။ ဝိနာ၊ကင်း၍။ ဝိတက္က ဝိစာရာနံ၊တို့၏။ ဥပ္ပါဒက္ခဏေ၊၌၊ ဝတ္တမာနာနံ၊ ဖြစ်ကုန်သော။ တေသံ၊တို့အား။

အနန္တရကား အဿာသပဿာသနှင့်တကွ ဒုတိယဈာန်ဇော တဆယ် တတိယဈာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု

ဆိုအပ်သော ရျာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ် ရ၏။ အဿာသ ပဿာသနှင့်တကွ ပဥ္စမဈာန်ဇော နှစ်ဆယ် တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။ ဒွေပဥ္စဝိညာဏ်တဆယ်ကြဉ်သော အဿာသပဿာသနှင့်တကွ ကာမစိတ် လေးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏။

**အဖွင့်** ဤ၌ ပဉ္စမ ဈာန်ဇော နှစ်ဆယ် ဟူသော်ကား စတုက္ကနည်း အားဖြင့် ပဥ္စကနည်း၌ ပဥ္စမဈာန် ဒုတိယဈာန်နှစ်ပါး တပေါင်းတည်းယူ၍ နှစ်ဆယ်ဖြစ်သတည်း။ ဤသို့ဆရာမြတ်တို့ ယူတော်မူကုန်၏။ ။တပါးသော ဆရာမြတ်တို့ကား ဒိပ္ပါဘိညပုဂ္ဂိုလ်အား ပဥ္စမဈာန်၌ ဝိတက် ဝိစာရ ဤ အင်္ဂါနှစ်ပါးကို လွန်၍ ပီတိသုခ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ သုံးပါးနှင့်တကွ ပဥ္စမဈာန်နောင် ရသော ပဥ္စကနည်း၌ရသော တတိယဈာန်ကို ဒုတိယဈာန်ဟုယူ၍ ပဥ္စမဈာန်ဇောတဆယ်သာ ဖြစ်၏ဟု မိန့်တော်မူကုန်၏။ ဤနည်းနှစ်ပါးကို စုံစမ်း ဆင်ခြင်၍ ကြိုက်ရာ နှစ်သက်ရာ ကောက်လေ။ ငါတို့ဆရာမြတ်တို့ ကောက်တော်မူသည်။ ရှေးနည်းပင် ဖြစ်သည်။

ပဋိ၌။ကား အဿာသပဿာသ ကင်းသော ပဥ္စမဈာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ် သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပဥ္စမဈာန်ဇော တဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်။ ဒွေပဥ္စဝိညာဏ် တဆယ်ကြဉ်သော အဿာသပဿာသ ကင်းသော ကာမစိတ် လေးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။ လောဘမူ မောဟမူ သမ္ပယုတ္တိုင်းဒွေး သန္တိရဏသုံးခု အဟိတ်ကြိယာသုံးခု မဟာကုသိုလ်ရှစ်ခု မဟာကြိယာရှစ်ခု ပဥ္စမဈာန် ဝိပါက် ဒုတိယ

ဈာန် ဝိပါက်ဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ ပုဂ္ဂိုလ်။ လောဘမူ မောဟမူ မနောဒွါရာဝဇ္ဇန်း မဟာကုသိုလ် ရှစ်ခု မဟာကြိယာရှစ်ခုဟု ဆိုအပ်သော သဝိတက္က သဝိစာရ စိတ်နှစ်ဆဲ့ခုနစ်ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန် မဝင်စားသော ရူပါဝစရပုဂ္ဂိုလ်ရ၏။ ။အနုလောမ သံသယလည်း ရ၏။

---

## ပစ္စနီက ပုဂ္ဂလ

၂၄။ ပစ္စနိက်ကား သဗ္ဗေသံ စိတ္တာသ ဘင်္ဂက္ခဏေ ဝိနာ အသာသပဿာသေဟိ အဝိတက္က အဝိစာရ စိတ္တာသ ဥပ္ပါဒက္ခ ဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ။ ။သဗ္ဗေသံ၊ ခပ်သိမ်း သော ပုဂ္ဂိုလ်တို့အား။ စိတ္တာသ၊၏။ဘင်္ဂက္ခဏေ၊၌လည်းကောင်း။ အသာသပဿာသေဟိ၊ အဿာသပဿာသတို့နှင့်။ ဝိနာ၊ ၍။ အဝိတက္က အဝိစာရ စိတ္တာသ၊၏။ ဥပ္ပါဒက္ခဏေ၊၌လည်းကောင်း။ ဝတ္တမာနာနံ၊ကုန်သော။ တေသံ:လည်းကောင်း။ နိရောဓ သမာ ပန္နာနံ၊ နိရောဓ သမာပတ် ဝင်စားခိုက် ဖြစ်ကုန်သော်လည်း ကောင်း။ အသညသတ္တာနံ၊ ကုန်သော။ တေသံ လည်းကောင်း။ ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန် ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်။ အသာသပဿာသကင်းသော ဒုတိယဈာန်ဇောတဆယ် တတိယဈာန်ဇော တဆယ် စတုတ္ထဈာန်ဇော တဆယ့်ရှစ်ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သောဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်။ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာ ဒုတိယဈာန်ဇောခုနစ်ခု၊ တတိယဈာန်ဇောခုနစ်ခု၊ စတုတ္ထဈာန် ဇောတဆဲ့ငါးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော ဈာန် ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်။ ဒွေပဉ္စဝိညာဏ် တဆယ်တို့၏ ဥပ္ပါ။လ။ကာမာဝစရပုဂ္ဂိုလ်းစက္ခုဝိညာဏ်ဒွေး။သောတဝိညာဏ် ဒွေး။ တတိယဈာန် ဝိပါက်။ စတုတ္ထဈာန်ဝိပါက်။ အရူပဝိပါက်

လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ် တဆဲ့တခုတို့၏ ဥပ္ပါ။လ။ ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်။ နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်။ အသညသတ် ဥပပဇ္ဇန္တစဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်ရ၏။

ကာယနှင့်စိတ္တ အနုလောမ အာမန္တာ။ ပဋိလောမ၌ ဝိနာ အဿာသ ပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။ အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ။ ။ပဋိလောမ၌ သန္နိဋ္ဌာန် ကား အဿာသပဿာသကင်းသော ပဌမဈာန်ဇောနှစ်ဆယ်။ ဒုတိယ ဈာန်ဇောတဆယ်။ တတိယဈာန်ဇောတဆယ်။ စတုတ္ထဈာန် ဇော တဆဲ့ရှစ်ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင် စားသော ကာမာဝစရ ရူပါဝစရ ပုဂ္ဂိုလ်။ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာပဌမဈာန်ဇော တဆဲ့လေးခု။ ဒုတိယ ဈာန်ဇော ခုနစ်ခု။ တတိယဈာန်ဇော ခုနစ်ခု။ စတုတ္ထဈာန်ဇော တဆဲ့ငါးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား သောအရူပါဝစရပုဂ္ဂိုလ်။ အဿာသပဿာသကင်းသော ကာမ စိတ် ငါးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန် မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။ လောဘမူ မောဟမူ။ စက္ခု ဝိညာဏ်ဒွေး။ သောတဝိညာဏ်ဒွေး။ သမ္ပဋိစ္ဆိုင်းဒွေး။ သန္တီရဏ သုံးခု။အဟိတ်ကြိယာသုံးခု။ မဟာကုသိုလ်ရှစ်ခု။မဟာကြိယာရှစ် ခု။ရူပဝိပါက်ငါးခုဟု ဆိုအပ်သော သဝိတက္ကသဝိစာရ အဝိတက္က အဝိစာရစိတ်လေးဆဲ့သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရပုဂ္ဂိုလ်။လောဘမူ မောဟမူ မနော ဒွါရာဝဇ္ဇန်း မဟာကုသိုလ်ရှစ်ခု မဟာကြိယာရှစ်ခု အရူပဝိပါက် လေးခုဟု ဆိုအပ်သော သဝိတက္ကသဝိစာရ အဝိတက္ကအဝိစာရ စိတ်သုံးဆဲ့တခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ဟု ဆိုအပ်သော ဈာန် မဝင်စားသော အရူပါဝစရပုဂ္ဂိုလ်ရ၏။ ။အဿာသပဿာသ နှင့်တကွ ပဌမဈာန်ဇောနှစ်ဆယ်။ ဒုတိယဈာန် ဇောတဆယ်။

တတိယဈာန်ဇော တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသောကာမာဝစရပုဂ္ဂိုလ်။အသညာသတ်ဝသဿာသနှင့်တကွ ဒွေပဉ္စဝိညာဏ်တဆယ် ကြဉ်သော ကာမစိတ်လေးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်လည်းရ၏။

အမှာ ကာမဘုံ ရူပဘုံ၌ စတုတ္ထဈာန် ဇော တဆဲ့ရှစ်ခုဟူသော်ကား စတုက္ကနည်းအားဖြင့် ရူပါဝစရစတုတ္ထဈာန်ဇောနှစ်ခု။ လောကုတ္တရာ စတုတ္ထဈာန်ဇောရှစ်ခု။ အရူပကုသိုလ်လေးခု။ ကြိယာလေးခု။ ဤသို့အားဖြင့် တဆဲ့ရှစ်ခုဖြစ်သတည်း။အရူပဘုံ၌ တဆဲ့ငါးခုဟူသော်ကား သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ,စတုတ္ထဈာန်ခုနစ်ခု။ အရူပကုသိုလ်လေးခု။ အရူပကြိယာလေးခု။ ဤသို့အားဖြင့် တဆဲ့ငါးခုတည်း။

ဝီနှင့် စိတ္တ၌ အနုလောမ၌ အာမန္တာ။ ပဋိလောမ၌ ဝိနာဝိတက္ကဝိစာရေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ။လ။ ဝိတက္ကဝိစာရာနံ ဥပ္ပါဒက္ခဏေ။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား ဒုတိယဈာန်ဇော တဆယ်။ တတိယဈာန်ဇော တဆယ်။ စတုတ္ထဈာန်ဇော တဆဲ့ရှစ်ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်ရူပါဝစရပုဂ္ဂိုလ်၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ဒုတိယဈာန် ဇောခုနစ်ခု။ တတိယဈာန် ဇော ခုနစ်ခု၊ စတုတ္ထဈာန်ဇော တဆဲ့ငါးခုတို့၏ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသောအရူပါဝစရပုဂ္ဂိုလ်။ ဒွေပဉ္စဝိညာဏ်တဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ စက္ခုဝိညာဏ်ဒွေးသောတဝိညာဏ်ဒွေး။ တတိယဈာန်ဝိပါက်။ စတုတ္ထဈာန်ဝိပါက်။ပဉ္စမဈာန်ဝိပါက် အရူပဝိပါက် လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ် တဆဲ့တခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရပုဂ္ဂိုလ် ရ၏။ ။ပဉ္စမဈာန်ဇော နှစ်ဆယ်တို့၏

ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်။ သောတာပတ္တိ မဂ်ကြည်သော လောကုတ္တရာ ပဌမဈာန်ဇော တဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်။ ဒွေပဥ္စဝိညာဏ် တဆယ် ကြည်သော ကာမစိတ် လေးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်၊ လောဘမူ မောဟမူ။ သမ္ပဋိစ္ဆိုင်းဒွေး။ သန္တီရဏသုံးခု။ အဲဟိတ် ကြိယာ သုံးခု။ မဟာကုသိုလ်ရှစ်ခု။ မဟာကြိယာရှစ်ခု။ပဌမဈာန် ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရ စိတ် သုံးဆဲ့ခြောက်ခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရပုဂ္ဂိုလ်၊လောဘမူ မောဟမူ မနော ဒွါရာဝဇ္ဇန်း။ မဟာကုသိုလ်ရှစ်ခု။ မဟာကြိယာရှစ်ခုဟု ဆိုအပ် သော သဝိတက္ကသဝိစာရစိတ် နှစ်ဆဲ့ ခုနစ်ခု တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရ ပုဂ္ဂိုလ် လည်းရ၏။

ပစ္စနိက်သံသယကား သဗ္ဗေသံစိတ္တာသ ဘင်က္ခဏေ နိရောဓ သမာပန္နာနံ အသညသတ္တာနံ။ ။ခပ်သိမ်းသော စိတ်တို့၏ ဘင်က္ခဏသမင်္ဂီ ဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်၊ နိရောဓသမာပတ် ဝင်စားနိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်။ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ ။ ကာယနှင့်စိတ္တ။ ဝစီနှင့်စိတ္တ။ ပစ္စနိက် သံသယ အတူတူပင်။ ။ ပုဂ္ဂလဝါရပြီး၏။

---

### ပစ္စနီကဩကာသ

ဩကာသဝါရ၌ ကာယ နှင့် ဝစီ၌ ဒုတိယဈာနေ တတိယ ဈာနေ တတ္ထ။ လ။ ပဌမဈာနေ ကာမာဝစရေ။ လ။ ယတ္ထဝါပန ရူပါဝစရေ အရူပါဝစရေ တတ္ထ။ ။အနုလောမ၌ သန္နိဋ္ဌာန်ကား

ဒုတိယဈာန်ဇောတဆယ်။ တတိယဈာန်ဇောတဆယ်ဟု ဆိုအပ်သော ဈာနောကာသရ၏။ ပဌမဈာန်ဇော နှစ်ဆယ် ဟု ဆိုအပ်သော ဈာနောကာသ။ ကာမတဆဲ့တဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။သံသယကား နောက်သာ။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား အသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံ။ အရူပလေးဘုံ ဟု ဆိုအပ်သော ဘုမ္မောကာသရ၏။ ။အနုလောမ သံသယလည်း ရ၏။

ကာယနှင့်စိတ္တ၌ အနုလောမအာမန္တာ။ ပဋိလောမ၌ စတုတ္ထဈာနေ ရူပါဝစရေ အရူပါဝစရေ။ ပဌမဈာနေ ဒုတိယဈာနေ တတိယဈာနေ ကာမာဝစရေ တတ္ထ။ ။ပဋိလောမ၌သန္နိဋ္ဌာန်ကား စတုတ္ထဈာန်ဇော တဆဲ့ရှစ်ခု ဟု ဆိုအပ်သော ဈာနောကာသ။ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ။ အရူပလေးဘုံ ဟုဆိုအပ်သော ဘုမ္မောကာသရ၏။ ။ပဌမဈာန် ဇောနှစ်ဆယ်။ ဒုတိယဈာန်ဇောတဆယ်။ တတိယဈာန်ဇောတဆယ်ဟု ဆိုအပ်သော ဈာနောကာသ။ ကာမတဆဲ့တဘုံဟုဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။သံသယကား နောက်သာရ၏။

ဝစီနှင့်စိတ္တ။အနုလောမအာမန္တာ။ပဋိလောမ၌ ဒုတိယဈာနေ တတိယဈာနေ စတုတ္ထဈာနေတတ္ထ ပ။ ပဌမဈာနေကာမာဝစရေ ရူပါဝစရေအရူပါဝစရေ ။ပစ္စနိက်သံသယကား ကာယနှင့်ဝစီ၌ စတုတ္ထဈာနေ အသညသတ္တေ။ ကာယနှင့်စိတ္တ။ ဝစီနှင့် စိတ္တ အသညသတ္တေ ကောက်မြဲ။ ။ဩကာသပြီး၏။

---

**ပစ္စနိကပုဂ္ဂလောကာသ**

ပုဂ္ဂလောကာသဝါရ၌ ကာယနှင့်ဝစီ အနုလောမ၌ သန္နိဋ္ဌာန်ကား အဿာသပဿာသနှင့်တကွ ဒုတိယဈာန်ဇော တဆယ်။ တတိယဈာန်ဇောတဆယ်တို့၏ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသရ၏။ အဿာသ

ပဿာသနှင့်တကွ ပဌမရျာန် ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနေဝကာသ။ အဿာသပဿာသနှင့်တကွ ဒွေပဉ္စဝိညာဏ်တဆယ် ကြဉ်သော ကာမစိတ်လေးဆဲ့ခလေးခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟုဆိုအပ်သော ဈာန် မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ ဟု ဆိုအပ်သော ဘုမ္မောကာသလည်းရှ၏။ ။ပဋိလောမဉ္ဇသန္နိဋ္ဌာန်ကား အဿာသပဿာသကင်းသော ပဌမဈာန်ဇော နှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏာ။လ။ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်။ ဖသာတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာ ပဌမဈာန်ဇော တဆဲ့လေးခုတို့၏ဥပ္ပါဒက္ခဏာသမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ပဌမဈာန် ဟု ဆိုအပ်သော ဈာနေဝကာသ။ အဿာသပဿာသကင်းသော ဒွေပဉ္စဝိညာဏ်တဆယ် ကြဉ်သော ကာမစိတ် လေးဆဲ့ လေးခု တို့၏ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန် မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ လောဘမူ မောဟမူ။လ။ သဝိတက္က သဝိစာရစိတ် သုံးဆဲ့ခြောက်ခု တို့၏ ဥပ္ပါဒက္ခဏာ။လ။ ရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ လောဘမူ မောဟမူ။လ။ သဝိတက္က သဝိစာရစိတ် နှစ်ဆဲ့ခုနစ်ခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရ ပုဂ္ဂိုလ်တို့အား အရူပ လေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသရှ၏။

ပစ္စနိက်သံသယကား ခဝ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စား မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေဝကာသ။ ကာမ တဆဲ့တဘုံ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ အရူပ

လေးဘုံဟု ဆိုအပ်သော ဘုမ္မာကာသ။ အသာသာ ပဿာသ ကင်းသော ဒုတိယဈာန်ဇောတဆယ်။ တတိယဈာန်ဇောတဆယ်။ စတုတ္ထဈာန်ဇော တဆဲ့ရှစ်ခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန် ဝင်စားသော ကာမာဝစရ ရူပါဝစရ ပုဂ္ဂိုလ်။ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာ ဒုတိယဈာန်ဇော ခုနစ်ခု။ တတိယဈာန်ဇော ခုနစ်ခု။ စတုတ္ထဈာန်ဇောတဆဲ့ငါးခု တို့၏ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသောအရူပါ ဝစရ ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထ ဈာန်ဟု ဆိုအပ်သော ဈာနောကာသ ဒွေပဉ္စဝိညာဏ်တဆယ် တို့၏ ဥပ္ပါ။လ။ ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ။လ။ စက္ခုဝိညာဏ်ဒွေး။ သောတဝိညာဏ်ဒွေး။ တတိယဈာန်ဝိပါက်။ စတုတ္ထဈာန်ဝိပါက်။ ပဉ္စမဈာန်ဝိပါက်။ အရူပ ဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ် တဆဲ့ တခုတို့၏ ဥပ္ပါ။လ။ ဈာန်မဝင်စားသော ရူပအရူပ ပုဂ္ဂိုလ် တို့အား ရူပတဆဲ့ငါးဘုံ။ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မာ ကာသ။ အသညသတ် ဥပပဇ္ဇန္တပဝတ္တ ဖြစ်သော သုဂတိ အဟိတ် မှုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မာ ကာသရ၏။

ကာယနှင့် စိတ္တဒွန္ဒ ပဋိလောမဌ္ဌ သန္နိဋ္ဌာန်ကား အဿာသ ပဿာသကင်းသော။လ။ ပုဂ္ဂလအတိုင်းဆို။ ပဌမဈာန် ဒုတိယ ဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ။ အဿာသပဿာသကင်းသော ကာမစိတ်။လ။ ကာမတဆဲ့တဘုံ ဟုဆိုအပ်သော ဘုမ္မာကာသ။ လောဘမူ မောဟမူ။လ။ အသည သတ်ကြဉ်သော ရူပတဆဲ့ငါးဘုံဟု ဆိုအပ်သော ဘုမ္မာကာသ။ လောဘမူ မောဟမူ။လ။ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မာ ကာသရ၏။ ။အဿာသ ပဿာသနှင့်တကွ ပဌမဈာန်ဇော နှစ်ဆယ်။ ဒုတိယဈာန်ဇောတဆယ်။ တတိယဈာန်ဇော တဆယ် တို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော

ကာမာဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ အဿာသပဿာသနှင့်တကွ ဒွေပဉ္စဝိညာဏ် တဆယ်ကြဉ်သော ကာမစိတ်လေးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

ပစ္ဆိနိက် သံသယကား သဗ္ဗေသံ စိတ္တဿဘင်္ဂက္ခဏေ အသညသတ္တာနံ။ ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားမဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ၊လ။ ကာမ တဆဲ့တဘုံ။ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ အရူပ လေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ အသညသတ် ဥပပဇ္ဇန္တစဝန္တ ဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသ ရ၏။

ဝစီနှင့်စိတ္တ၌ ပဋိလောမ၌ သန္နိဋ္ဌာန်ကား ဒုတိယဈာန်နှံ့ဇော တဆယ် တတိယ ဈာန်ဇော တဆယ် စတုတ္ထဈာန်ဇောတဆဲ့ရှစ်ခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်။ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာ ဒုတိယဈာန်ဇော ခုနစ်ခု တတိယဈာန်ဇော ခုနစ်ခု စတုတ္ထဈာန်ဇော တဆဲ့ငါးခုတို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော အရူပါဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ။ ဒွေပဉ္စဝိညာဏ်တဆယ်တို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ စက္ခုဝိညာဏ်ဒွေး သောတ ဝိညာဏ်ဒွေး တတိယဈာန်ဝိပါက် စတုတ္ထဈာန်

ဝိပါက် ပဉ္စမဈာန် ဝိပါက် အရူပ ဝိပါက် လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ် တဆဲ့တခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန် မဝင်စားသော အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ။ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။ ။ပဉ္စမဈာန်ဇောနှစ်ဆယ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်၊ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာ ပဉ္စမဈာန်တဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ပဉ္စမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ်သော ကာမစိတ် လေးဆဲ့လေးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ လောဘမူ မောဟမူ။လ။သဝိတက္ကသဝိစာရစိတ် သုံးဆဲ့ခြောက်ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။လ။ လောဘမူ မောဟမူ။လ။ သဝိတက္ကသဝိစာရစိတ် နှစ်ဆဲ့ ခုနစ်ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော အရူပါဝစရ ပုဂ္ဂိုလ်တို့အား အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်းရ၏။ ပစ္စနိက်သံသယ နည်းတူ။ ။ပစ္စုပ္ပန္နဝါရပြီးပြီ။

## ၂-အတီတဝါရ အနုလောမ ပုဂ္ဂလ

ပစ္စုပ္ပန္နဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ အတီတဝါရကို ဟောတော်မူ၏။ ဟောဟန်ကား ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ။ တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ အာမန္တာ။ ။အနုလောမ၌ သန္နိဋ္ဌာန်ကား ခပ်သိမ်းသော ပုထုဇဉ်လေးယောက်

အရိယာ၀ရှစ်ယောက်ရ၏။ သံသယ ၄င်းရ၏။ ပဋိလောမလည်း နည်းတူ။ ။ကာယနှင့်စိတ္တ။ ၀စီနှင့်စိတ္တလည်း နည်းတူ။

---

## အနုလောမ ပုဂ္ဂလောကာသ

ယဿယတ္တ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ။တဿ တတ္ထ ၀စီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ။ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ တေသံ တတ္ထ။လ။ ပဌမဈာနံ သမာပန္နာနံ ကာမာ၀စရာနံ။ ။ယဿ၀ါ ပန။ ရူပါ၀စရာနံ အရူပါ၀စရာနံ။ ။အနုလောမ၌ သန္နိဋ္ဌာန်ကား ဒုတိယဈာန်ဇော တဆယ်။ တတိယဈာန်ဇော တဆယ်တို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ဈာန်ဝင်စားသော ကာမာ၀စရ ရူပါ၀စရ အရူပါ၀စရပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် ဟု ဆိုအပ်သောဈာနောကာသရ၏။

**အမှာ** ဤ၌ ဘုမ္မောကာသမဟုတ် ဈာနောကာသ ဖြစ်၍ ရူပဘုံ အရူပဘုံ၌ ဒုတိယဈာန် တတိယဈာန် ခဏတ္တယ သမင်္ဂီ ပုဂ္ဂိုလ်လည်း ကာမဘုံ၌ ဒုတိယဈာန် တတိယ ဈာန်ကို ဝင်စားစဉ် အဿာသပဿာသ ဖြစ်ဘူးသောကြောင့် ဒုတိယဈာန် တတိယဈာန်ချင်း တူရကား ဒုတိယဈာနံ တတိယ ဈာနံ သမာပန္နာနံအရ ဖြစ်သတည်း။

ပဌမဈာန်ဇောနှစ်ဆယ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာ၀စရ ရူပါ၀စရ အရူပါ၀စရ ပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ကာမစိတ် ငါးဆဲ့လေးခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင် စားသော ကာမာ၀စရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့ တဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်းရ၏။ ။သံသယကား နောက် သာရ၏။

ပဋိလောမ၌ သန္နိဋ္ဌာန်ကား သုဒ္ဓါ၀ါသဖြစ်အံ့ ဘ၀နိကန္တိ ပဌမဇောမှစ၍ စုတိတိုင်အောင်ကြွင်းသော ရူပါ၀စရအရူပါ၀စရ ဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော သဝိတက္က

သဝိစာရ အဝိတက္က အဝိစာရစိတ်လေးဆဲ့ခုနစ်ခုတို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ချာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံ အရူပလေးဘုံဟု ဆိုအပ်သောဘုမ္မောကာသရ၏။ အနုလောမ သံသယလည်းရ၏။ ။(ရူပါဝစရဘုံ၌ ဖြစ်သော သဝိတက္က သဝိစာရစိတ် လေးဆဲ့သုံးခုတို့တွင် အရူပါဝိပက် လေးခုထည့်)။

ကာယနှင့်စိတ္တ အနုလောမ အာမန္တာ၊ ပဋိလောမ၌ စတုတ္ထ ချာန် သမာပန္နာန် ရူပါဝစရာန် အရူပါဝစရာနံ။လ။ ပဌမချာနံ ဒုတိယချာနံ တတိယချာနံ သမာပန္နာနံ ကာမာဝစရာနံ။ ။ပဋိလောမ၌သန္နိဋ္ဌာန်ကား စတုတ္ထချာန်ဇော တဆဲ့ရှစ်ခုတို့၏ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ချာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား စတုတ္ထချာန်ဟု ဆိုအပ်သော ချာနောကာသ။ သုဒ္ဓါဝါသဖြစ်အံ့ ပဋိသန္ဓေ နောင်ပဌမဘဝင်မှ စ၍ စုတိတိုင်အောင် ကြွင်းသော ရူပါဝစရ အရူပါဝစရဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိဘိုင်အောင် ဖြစ်ထိုက်သော သဝိတက္က သဝိ စာရ အဝိတက္ကအဝိစာရစိတ် လေးဆဲ့ ခုနစ်ခုတို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ချာန်မဝင်စားသော ရူပါဝစရ အရူပါ ဝစရ ပုဂ္ဂိုလ်တို့အားအသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။ ။ပဌမချာန် ဇောနှစ်ဆယ်။ ဒုတိယ ချာန်ဇောတဆယ်။ တတိယ ချာန်ဇော တဆယ်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ချာန်ဝင်စား သော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမ ချာန် ဒုတိယချာန် တတိယချာန်ဟု ဆိုအပ်သော ချာနောကာ သ၊ကာမစိတ်ငါးဆဲ့လေးခုတို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ချာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့ တဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်းရ၏။ ။သံသယကား နောက်သာ။

ဝစီနှင့်စိတ္တ၌ အနုလောမ အာမန္တာ။ ပဋိလောမ၌ ဒုတိယ ဈာနံ တတိယဈာနံ စတုတ္ထဈာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ။ လ။ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ ဇာတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ။ ။ပဋိ၌ကား ဒုတိယဈာန်ဇော တဆယ်။ တတိယ ဈာန်ဇော တဆယ်။ စတုတ္ထ ဈာန်ဇောတဆဲ့ရှစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန် ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့ အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနေ့ကာသ။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေ နောင်ပဌမဘဝင်ဟု ဆိုအပ်သော မှုချဒုတိယစိတ် ထိုစိတ်နှင့် ဝစီသင်္ခါရ ဖြစ်ဘူးသည် ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့် တံ သဒိသဒုတိယစိတ်ဟု ဆိုအပ်သော ဘဝင် တဆဲ့ငါးချက်။ မနော ဒွါရာဝဇ္ဇန်း။ ဤတဆဲ့ခုနစ်ချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏။ ။ပဌမဈာန်ဇော နှစ်ဆယ်တို့၏။ လ။ ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ် တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ကာမစိတ် လေးဆဲ့လေးခုတို့၏ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင် စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမ တဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ သုဒ္ဓါဝါသဖြစ်အံ့ ဘဝနိကန္တိ ပဌမဇောမှစ၍ စုတိတိုင်အောင် ကြွင်းသော ရူပါဝစရ အရူပါ ဝစရဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော သဝိတက္က သဝိစာရ အဝိတက္က အဝိစာရစိတ် လေးဆဲ့ခုနစ်ခုတို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား အသညသတ် ကြဉ်သော ရူပတဆဲ့ ငါးဘုံ။ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။

---

## ပစ္စနီက ပုဂ္ဂလောကာသ

ကာယနှင့်ဝစီပစ္စနီက် သံသယကား စတုတ္ထဈာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာနံ။ စတုတ္ထဈာန်ဇော တဆဲ့ရှစ်ခုတို့၏။လ။ ကာမရူပ အရူပပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင်ပဌမဘဝင်ဟု ဆိုအပ်သော မုချဒုတိယ စိတ် ထိုစိတ်နှင့်ဝစီသင်္ခါရဖြစ်ဘူးပြီးသည်ကို အတိတ်၌မရကောင်း သောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသ ဒုတိယ စိတ်ဟု ဆိုအပ်သော ပဋိသန္ဓေနောင် ပဌမဘဝင် တဆဲ့ငါးချက် မနော ဒွါရာဝဇ္ဇန်း ဤတဆဲ့ရှစ်ချက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ။ အသညသတ် ဥပပဇ္ဇန္တစဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ် ဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏။

ကာယနှင့်စိတ္တ ဝစီနှင့်စိတ္တ ပစ္စနိက်ကား သုဒ္ဓါဝါသာနံ ဥပပဇ္ဇန္တာနံ အသညသတ္တာနံ။ ။ရူပါဝစရေ ပဌမဈာန်ပဋိသန္ဓေ တခု။ စေတသိက်တိ သတ္တို့၏။လ။ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသငါးဘုံ အသညသတ် ဥပပဇ္ဇန္တ စဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံရ၏။ ။ အတီတဝါရပြီး၏။

---

## ၃-အနာဂတဝါရ အနုလောမပုဂ္ဂလ

အနာဂတဝါရ၌ ကာယနှင့်ဝစီ၌ အနုလောမ အာမန္တာ။ ပဋိလောမ၌ ယဿစိတ္တဿအနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမဘဝိကာနံ ယေစ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံတေသံ။လ။ ဉာတရေသံ။

၃၉။ ယဿစိတ္တဿ၊ ပစ္ဆိမစိတ်မှပြန်၍ ရေသော် အဆုံးစွန် အဿာသပဿာသနှင့် တကွသော အကြင်တေတ္တိံသမစိတ်၏။ အနန္တရာ၊ အခြားမဲ့၌။ ကာမာဝစရာနံ၊ ကာမာဝစရပုဂ္ဂိုလ်တို့အား။ ပစ္ဆိမစိတ္တံ၊ ပစ္ဆိမစိတ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားလည်းကောင်း။ အကြွင်းလွယ်ပြီ။ ။အနုကား ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အဿာသ ပဿာသနှင့် တကွ ဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရတိုင်အောင် ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ကာမသုဂတိခုနစ်ဘုံမှ ရူပါဝစရ အရူပါဝစရဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အဿာသ ပဿာသနှင့် တကွဖြစ်သောစိတ်၏ အနန္တရ တိုင်အောင် ကာမာဝစရ ပုဂ္ဂိုလ်။ ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန် ကောင်းသောသူ ဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ကာမာဝစရ ပုဂ္ဂိုလ်။ သုဒ္ဓါဝါသမှတပါး ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်၏။ ။သံသယလည်း ငင်းရ၏။

ပဋိလောမ၌ သန္နိဋ္ဌာန်ကား ပစ္ဆိမစိတ်မှပြန်၍ရေသော် အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွဖြစ်သော တေတ္တိံသမစိတ်မှသည် ပစ္ဆိမစိတ်၏အနန္တရဖြစ်သော ဒုတိယတဒါရုံမရဏာသန္နပဉ္စမဇောဘဝင်တိုင်အောင် ကာမာဝစရအရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်။ ပဌမဈာန်ဝိပါက်။ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သောသူ ဖြစ်အံ့ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် တတိယဈာန်ဝိပါက်။ စတုတ္ထဈာန်ဝိပါက်။ ပဉ္စမဈာန်ဝိပါက်။ အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရ စိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေ မရဏာသန္န စတုတ္ထဇောတိုင်အောင် ရူပါဝစရ အရူပါဝစရပစ္ဆိမဘဝိကပုဂ္ဂိုလ်။ ကာမသုဂတိခုနစ်ဘုံမှ ရူပါဝစရ အရူပါဝစရဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သောသူဖြစ်အံ့ အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွ

ဖြစ်သော စိတ်မှသည်စုတိတိုင်အောင် ကာမာဝစရ စဝန္တပုဂ္ဂိုလ်။ ရူပါဝစရ အရူပါဝစရ ဘုံချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော အသညသတ် အကနိဋ္ဌမှတပါးသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်ရ၏။ အနုလောမ သံသယလည်းရ၏။

ကာယနှင့်စိတ္တ အနုလောမ အာမန္တာ။ ပဋိလောမ၌လည်း ဝိဘင်းဝစီအတိုင်းပင်။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား ပဉ္စမစိတ်မှ ဖြန့်၍ ရေသော် အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွ ဖြစ်သော တေတ္တိံသမစိတ်မှသည် ပဉ္စမစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ မရဏာသန္န ပဉ္စမဇောဘဝင်တိုင်အောင် ကာမာဝစရ ပဉ္စမဘာဝိက ပုဂ္ဂိုလ်။ ပဋိသန္ဓေမှစ၍ ပဉ္စမစိတ်၏ အနန္တရတိုင်အောင် ရူပါဝစရ အရူပါဝစရ ပဉ္စမဘာဝိကပုဂ္ဂိုလ်။ ကာမသုဂတိခုနစ်ဘုံမှ ရူပါဝစရ အရူပါဝစရ ဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့ အဆုံးစွန် အဿာသ ပဿာသနှင့်တကွ ဖြစ်သောစိတ်မှသည် စုတိတိုင်အောင် ကာမာဝစရစဝန္တပုဂ္ဂိုလ်။ ရူပါဝစရ အရူပါဝစရ ဘုံချင်းချင်းဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်ရ၏။ ကာယနှင့် ဝစီသံသယလည်း ရ၏။

ဝစီနှင့်စိတ္တ အနုလောမ အာမန္တာ။ ပဋိလောမ၌ ယဿ စိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။လ။ ဇာတရေသံ။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား တတိယဈာန်ဝိပါက်။ စတုတ္ထဈာန် ဝိပါက်။ ပဉ္စမဈာန်ဝိပါက်။ အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့ပဉ္စမဇော၏ခဏတ္တယသမင်္ဂီ ဘဝင်နောင်စုတိဖြစ်အံ့ ပဉ္စမဇောဘဝင်၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။ ။မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခု ပဌမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္ကသဝိစာရစိတ်ဖြင့်ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ ပဉ္စမစိတ်၏အနန္တ

ရတိုင်အောင် တတိယ ဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဉ္စမ ဈာန်ဝိပါက်။အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ်ဖြင့်ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ မရဏာသန္န စတုတ္ထဇောတိုင်အောင် ကာမာဝစရ ရူပ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်။ ဘဝမဆုံးသေးသောသူ ဖြစ်အံ့ ပဋိသန္ဓေမှစ၍စုတိတိုင်အောင် ကာမာဝစရ ရူပအရူပါဝစရ ပုဂ္ဂိုလ်လည်း ရ၏။သံသယကား နောက်သာရ၏။

ပစ္စနိက် သံသယ ကား ကာယနှင့် ဝစီ၌ ပစ္ဆိမစိတ္တသမင်္ဂီနံ ယဿစိတ္တဿ အနန္တရာ အဝိတက္ကအဝိစာရံပစ္ဆိမစိတ္တံဥပ္ပဇ္ဇိဿတိ။ တိဿိတ်စုတိတေရသ။လ။ပစ္ဆိမစိတ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်။ တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဉ္စမဈာန်ဝိပါက် အရူပဝိပါက်လေးခုဟုဆိုအပ်သော အဝိတက္ကအဝိစာရစိတ်ဖြင့်ပရိနိဗ္ဗာန်ပြုလတ္တံ့သောပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့ ပဉ္စမဇော၏ ခဏတ္တယသမင်္ဂီ၊ ဘဝင်နောင် စုတိဖြစ်အံ့ ပဉ္စမဇောဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ရူပါဝစရအရူပါဝစရ အဟေတု ဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။ ။ကာယနှင့် စိတ္တ။ ဝစီနှင့် စိတ္တ ပစ္စနိက် သံသယကား ပစ္ဆိမစိတ္တသမင်္ဂီနံ။ ။ပုဂ္ဂလဝါရပြီးပြီ။

---

## အနုလောမပုဂ္ဂလောကာသ

ပုဂ္ဂလောကာသ၌ ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတိ။ တဿတတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ။ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ။လ။ပဉ္စမဈာနံ သမာပန္နာနံ ကာမာဝစရာနံ ။လ။ ယဿဝါ ပန ယတ္ထ။ပ။ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။ ရူပါဝစရာနံ အရူပါဝစရာနံ။ ။အနုလောမ၌ သန္နိဋ္ဌာန်ကား ကာမာဝစရဘုံ၌ ဒုတိယဈာန် တတိယဈာန်ကို ဝင်စားသောသူဖြစ်အံ့ အဆုံးဈာန်

တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။ မဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးစွန်သော အဿာသပဿာသနှင့်တကွ ဖြစ်သော ဈာန်၏အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်။ဤပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန်ဟုဆိုအပ်သော ဈာနေ ကာသရ၏။ ။ကာမာဝစရဘုံ၌ ပဌမဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးဈာန် တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်။မဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးစွန်သော အဿာသ ပဿာသနှင့် တကွ ဖြစ်သော ဈာန်၏အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟုဆိုအပ်သော ဈာနေ ကာသ။

**အမှာ** အရူပဘုံ၌ ပဌမဈာန် ဒုတိယဈာန် တတိယဈာန်သည် လောကုတ္တရာဈာန်ဖြစ်၍ အရိယာသန္တာန်၌ ဖြစ်ရကား ကာမဘုံသို့ ဖြစ်ပြီးသောကြောင့် အရူပပုဂ္ဂိုလ်မှုရသတည်း။

ပဋိသန္ဓေမှစ၍ အဆုံးစွန်သော အဿာသပဿာသနှင့်တကွ ဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသင်္ခါရနှစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ။မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူ ဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်။ မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍အဆုံးစွန်သော အဿာသပဿာသနှင့်တကွဖြစ်သောစိတ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သော။လ။ ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ ဟု ဆိုအပ်သော ဘုမ္မောကာသလည်း ရ၏။ ။သံသယကား နောက်သာရ၏။

ပဋိ၊ ၌။ကား ပစ္ဆိမစိတ်မှ ဖြန်၍ ရေသော် အဆုံးစွန်သော အဿာသပဿာသနှင့် တကွဖြစ်သော တေတ္တိံသမစိတ်မှသည် ပစ္ဆိမစိတ်၏ အနန္တရဖြစ်သော ဒုတိယတဒါရုံ မရဏာသန္န ပဌမဇော ဘဝင်တိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ

အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ။မိမိဖြစ်နိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ အဆုံးစွန်သော အဿာသပဿာသနှင့်တကွ ဖြစ်သော စိတ်မှသည် စုတိ၏ အနန္တရတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ကာမာဝစရဘုံ၌ ပဌမဈာန်ကို မဝင်စားလတ္တံ့ ရူပါဝစရ အရူပါဝစရဘုံ၌သာ ဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်။ ရူပါဝစရ အရူပါဝစရ ဘုံ၌လည်း မဝင်စား လတ္တံ့ သော သူ ဖြစ် အံ့ အဆုံးစွန်သော အဿာသပဿာသနှင့်တကွဖြစ်သော ဈာန်မှသည် အဆုံးဈာန်၏အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။

ပဌမဈာန် ဝိပါက် ဒုတိယဈာန် ဝိပါက် ဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် တတိယဈာန်ဝိပါက် စတုတ္ထဈာန် ဝိပါက် ပဉ္စမဈာန်ဝိပါက် အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ မရဏာသန္န စတုတ္ထဇောတိုင်အောင် ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်နိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောပုဂ္ဂိုလ်တို့တွင် ပဌမဈာန်ဝိပါက် ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္ကသဝိစာရဖြင့် စုတေလတ္တံ့သောသူဖြစ်အံ့။ ပဋိသန္ဓေမှစ၍ စုတိ၏အနန္တရတိုင်အောင် တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဉ္စမဈာန်ဝိပါက် အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္ကအဝိစာရဖြင့် စုတေလတ္တံ့

သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ မရဏာသန္န စတုတ္ထဈာန် တိုင်အောင် ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အာသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌နောင်ဖြစ်ပြန်ကောင်းသေ သူဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသရ၏။ ။အနုလောမသံသယလည်း ရ၏။

ပစ္စနိက်ကား ပဋိမဇ္ဈိတ္တသမင်္ဂီနံ့ ယဿစိတ္တဿ အနန္တရာအဝိဟာကဏိဋ္ဌစရံ ပဋိမဇ္ဈိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံ အသညသတ္တာနံ။ ။တိဟိတ် စုတိစိတ် တေရသ။လ။ ပဋိမစိတ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနစ်ဘုံ အသညတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌နောင်မဖြစ်ပြန်ကောင်းသော စုတိစိတ် ကျေနပီသ။လ။ ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ အသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမဈာန်ကို မဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးဈာန်၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမရူပအရူပပုဂ္ဂိုလ်တို့အား ပဌမဈာန် ဟု ဆိုအပ်သော ဈာနောကာသ။ ဒုတိယဈာန်ဝိပါက် တတိယဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဉ္စမဈာန်ဝိပါက် အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိဘတ္တ အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့ ပဉ္စမဇော၏ ခဏတ္တယသမင်္ဂီ။ ဘဝင်မနောင် စုတိဖြစ်အံ့ ပဉ္စမဇောဘဝင်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ရူပါဝစရ အရူပါဝစရအရဟတ္တ

ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ အရူပလေးဘုံ ဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္ကအဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောပုဂ္ဂိုလ်တို့အား ဇော နောင် စုတိဖြစ်အံ့ ပဌမဇောခဏတ္တယသမင်္ဂီ။ ဘဝင်နောင် စုတိဖြစ်အံ့ ပဌမဇောဘဝင်တို့၏ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ် အကနိဋ္ဌ ကြဉ်သော ရူပတဆဲ့တဘုံ အရူပလေးဘုံ ဆိုအပ်သော ဘုမ္မောကာသ။ ကာမာဝစရဘုံ၌ ဒုတိယဈာန် တတိယဈာန်ကို မဝင်စားလတ္တံ့ ရူပါဝစရ အရူပါဝစရဘုံ၌သာ ဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်၊ ရူပါဝစရ အရူပါဝစရဘုံ၌လည်း မဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးစွန်သော အဿာသပဿာသနှင့်တကွဖြစ်သောဈာန်မှသည် အဆုံးစွန်ဈာန်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန်ဟု ဆိုအပ်သော ဈာနောကာသ။

စတုတ္ထဈာန်ဇော တဆဲ့ရှစ်ခုတို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ အသညသတ် ဥပပဇ္ဇန္တ ဥပပန္နဖြစ်သော သုဂတိအဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ဟု ဆိုအပ်သော ဘုမ္မောကာသရ၏။

ကာယနှင့်စိတ္တ၌ အနုလောမ အာမန္တာ။ ။ပဋိလောမ၌ ယဿစိတ္တဿအနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ စတုတ္ထဈာနံ သမာပန္နာနံ ရူပါဝစရာနံ အရူပါဝစရာနံ။လ။ပဌမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ ဇာတရေသံကာမာဝစရာနံ။ ။ဇာတရေသံ၊အဆုံးစွန်သော အဿာသ ပဿာသနှင့်

တကွဖြစ်ကုန်သော တေဘူမိကသမစိတ်မှသည် ပစ္ဆိမစိတ်၏အနန္တရ ဖြစ်သော ဒုတိယတဒါရုံ မရဏာသန္န ပဉ္စမဇောဘဝင်တိုင်အောင် သော စိတ်တို့၏ ခဏတွင် သမင်္ဂီပုဂ္ဂိုလ်မှ တပါးကုန်သော။ ကာမာဝစရာနံ၊ တို့အား။ ။ပဋိလောမဥ္စ သန္နိဋ္ဌာန်ကား ပစ္ဆိမ စိတ်မှပြန်၍ရေသော် အဆုံးစွန်သော အဿာသ ပဿာသနှင့် တကွဖြစ်သော တေဘူမိကသမစိတ်မှသည် ပစ္ဆိမစိတ်၏ အနန္တရ ဖြစ်သော ဒုတိယတဒါရုံ မရဏာသန္န ပဉ္စမဇော ဘဝင်တိုင် အောင် ချုပ်မဝင်စားသော ကာမာဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မော ကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန် ကောင်းသောသူ ဖြစ်အံ့ အဆုံးစွန် အဿာသ ပဿာသနှင့် တကွ ဖြစ်သော စိတ်မှသည် စုတိ၏အနန္တရ တိုင်အောင် ချုပ်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဏှာတဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ကာမာဝစရဘုံ၌ ပဌမဈာန် ဒုတိယဈာန် တတိ ယဈာန်ကို မဝင်စားလတ္တံ့ ရူပါဝစရ အရူပါဝစရ ဘုံ၌သာ ဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးဈာန်တိုင်အောင် ချုပ်ဝင် စားသော ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်။ ရူပါဝစရ အရူပါဝစရ ဘုံ၌လည်း မဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးစွန်အဿာသ ပဿာသနှင့်တကွဖြစ်သော ချုပ်မှသည် အဆုံးဈာန်၏ အနန္တရ တိုင်အောင် ချုပ်မဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါ ဝစရပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယ ဈာန်ဟု ဆိုအပ်သော ဈာနောကာသ။

စတုတ္ထဈာန်ကို ဝင်စားလတ္တံ့သောသူ ဖြစ်အံ့ အဆုံးဈာန် တိုင်အောင် မဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးဈာန်၏အနန္တ ရတိုင်အောင် ချုပ်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူ ပါဝစရပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟု ဆိုအပ်သော ဈာနော ကာသ။ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် ရူပါ ဝစရ အရူပါဝစရ ပစ္ဆိမဘာဝိက ပုဂ္ဂိုလ်တို့အား အသညသတ်

ကြဉ်သော ရူပတဆဲ့ငါးဘုံ။ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မာကာသ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ပဋိသန္ဓေမှစ၍စုတိအနန္တရတိုင်အောင် ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ။ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မာကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန် ကောင်းသောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဈာန်ဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ။ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မာကာသရ၏။

ကာမာဝစရဘုံ၌ ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးဈာန်တိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရပုဂ္ဂိုလ်၊ မဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးစွန် အဿာသပဿာသနှင့်တကွဖြစ်သော ဈာန်၏အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်။ ဤပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန်ဟုဆိုအပ်သော ဈာနောကာသ၊ ပဋိသန္ဓေမှစ၍ အဆုံးစွန် အဿာသပဿာသနှင့်တကွ ဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အား ကာမသုဂတိခုနှစ်ဘုံဟု ဆိုအပ်သော ဘုမ္မာကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော သူဖြစ်အံ့ ပဋိသန္ဓေမှ စ၍ အဆုံးစွန် အဿာသ ပဿာသနှင့် တကွဖြစ်သောစိတ်၏ အနန္တရတိုင်အောင် မိမိဖြစ်ခိုက်သောဘုံ၌ နောင်ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟုဆို အပ်သော ဘုမ္မာကာသလည်းရ၏။ ။သိသယကား နောက်သာရ၏။

ပစ္စနိက်သံသယကား ပဌမစိတ္တသမင်္ဂီနံ အသညသတ္တာနံ။ တိဟိတ်စုတိစိတ်တေရသ။ လ။ ကာမာဝစရ ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံ။ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ။ အရူပလေးဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသော စုတိစိတ် ဧကူနဝီသ။လ။ ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံ။ အသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ။ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ပဌမဈာန် ဒုတိယဈာန်၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ ရူပ ဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသ။ အသညသတ် ဥပပတ္တိက္ခဏဝန္တဖြစ်သော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟုဆိုအပ်သော ဘုမ္မောကာသရ၏။

ဝစီနှင့်စိတ္တ၌ အနုလောမအာမန္တာ။ ပဋိလောမ၌ ယဿ စိတ္တဿအနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။ဒုတိယဈာနံ တတိယဈာနံ စတုတ္ထဈာနံ သမာပန္နာနံ။လ။ ပဌမဈာနံ သမာပန္နာနံ ကာမာဝစရာနံ ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ။ ။ယဿစိတ္တဿ၊ အကြင် မရဏာသန္န ပဌမဇော ဘာဝင်၏။ အနန္တရာ၊ အခြားမဲ့၌။ အဝိတက္ကအဝိစာရံ၊ အဝိတက္က အဝိစာရဖြစ်သော။ ပစ္ဆိမစိတ္တံ၊ ပစ္ဆိမစိတ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တေန၊ ထိုမရဏာသန္န ပဌမဇော ဘာဝင်စိတ်နှင့်။ သမင်္ဂီနံ၊ ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့အားလည်းကောင်း။အကြွင်းလွယ်ပြီ။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား တတိယဈာန်ဝိပါက်။ စတုတ္ထဈာန်ဝိပါက်။ အရူပဝိပါက်လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့ ပဌမဇော၏ ခဏတ္တယသမင်္ဂီ။ ဘာဝင်နောင်စုတိဖြစ်အံ့ ပဌမဇောဘာဝင်တို့၏ခဏတ္တယသမင်္ဂီဟု ဆိုအပ်

သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား ပဌမဈာန် အသညသတ်ကြဉ်သော ရူပတဆဲ့နှစ်ဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် အဝိတက္က အဝိစာရစိတ်ဖြင့် စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင်စုတိဖြစ်အံ့ ပဌမဇော၏ ခဏတ္တယသမင်္ဂီ ဘဝင်နောင်စုတိဖြစ်အံ့ ပဌမဇော ဘဝင်တို့၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား ပဌမဈာန်။ အသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့တဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ကို ဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးဈာန် တိုင်အောင် မဝင်စား လတ္တံ့သောသူ ဖြစ်အံ့ အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟုဆိုအပ်သော ဈာနောကာသရ၏။ ။ ပဌမဈာန်ကို ဝင်စားလတ္တံ့သောသူ ဖြစ်အံ့ အဆုံးဈာန်တိုင်အောင် မဝင်စားလတ္တံ့သောသူဖြစ်အံ့ အဆုံးဈာန်၏ အနန္တရတိုင်အောင် ဈာန်ဝင်စားသော ကာမာဝစရ ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့အား ပဌမဈာန်ဟု ဆိုအပ်သော ဈာနောကာသ။ ပဋိသန္ဓေမှစ၍ ပဌမစိတ်၏ အနန္တရ တိုင်အောင် ဈာန်မဝင်စားသော ကာမာဝစရ ပဌမဘဝိက ပုဂ္ဂိုလ်တို့အား ကာမသုဂတိ ခုနစ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ။ မိမိဖြစ်ခိုက်သောဘုံ၌ နောင် မဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင်။ ဖြစ်ပြန်ကောင်းသောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ခဏတ္တယ။လး ဈာန်မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟုဆိုအပ်သော ဘုမ္မောကာသ။ ပဌမဈာန်ဝိပါက်။ ဒုတိယဈာန်ဝိပါက်ဟုဆိုအပ်သော သဝိတက္က သဝိစာရစိတ်တို့ဖြင့် ပရိနိဗ္ဗာန်

ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် တတိယဈာန်ဝိပါက်။ စတုတ္ထဈာန်ဝိပါက်။ ပဉ္စမဈာန်ဝိပါက်။ အရူပဝိပါက် လေးခုဟုဆိုအပ်သော အဝိတက္က အဝိစာရစိတ်တို့ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍ မရဏာသန္န စတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သော၊လ။ ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မန္တရကာလ၊ မိမိဖြစ်ခိုက်သောဘုံ၌ နောင်မဖြစ်ပြန်ကောင်းသော ပုဂ္ဂိုလ်တို့တွင် ပဌမဈာန်ဝိပါက်။ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍စုတိ၏ အနန္တရတိုင်အောင် တတိယဈာန်ဝိပါက်။စတုတ္ထဈာန်ဝိပါက်။ ပဉ္စမဈာန်ဝိပါက် အရူပဝိပါက် လေးခုဟုဆိုအပ်သော အဝိတက္က အဝိစာရစိတ်ဖြင့် စုတေလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှစ၍မရဏာသန္နစတုတ္ထဇောတိုင်အောင် ဖြစ်ထိုက်သော သဝိတက္က သဝိစာရ အဝိတက္က အဝိစာရစိတ်တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ဈာန်မဝင်စားသော ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်တို့အား အသညသတ် အကနိဋ္ဌ ကြဉ်သော ရူပတဆဲ့လေးဘုံ အရူပလေးဘုံဟု ဆိုအပ်သော ဘုမ္မန္တရကာလ။ မိမိဖြစ်ခိုက်သော ဘုံ၌ နောက်ဖြစ်ပြန်ကောင်းသော သူဖြစ်အံ့ပဋိသန္ဓေမှစ၍စုတိတိုင်အောင် ဖြစ်ထိုက်၊လ။ ဈာန်မဝင်စားသော ရူပါဝစရအရူပါဝစရပုဂ္ဂိုလ်တို့အား ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံ အရူပါဝစရ လေးဘုံဟု ဆိုအပ်သော ဘုမ္မန္တရကာလပေသည်းရ၏။ (ဘုမ္မန္တရကာလ ဖြစ်အံ့ ဈာန်မဝင်စားသော, ဈာနောကာသဖြစ်အံ့ ဈာန်ဝင်စားသော ဆိုလေ)။ ။ပစ္စနိက် သံသယကားကာယနှင့်စိတ္တအတိုင်း။ ။ အနာဂတဝါရ ပြီးပြီ။

## ၄-ပစ္စုပ္ပန္နာ တီတဝါရ အနုလောမ ပုဂ္ဂလ

လဿ။ တေမူအတိုင်းပင်။ ပဋိလောမ၌လေးချက်။ ဒုက္ခကစ၍ထုတ်။ တိမူဒိဋ္ဌာနုသယမူလီ၌ အဋ္ဌမကော ကာမ ဓာတုယာ တိသုဝေဒနာ သု ရူပဓာတုယာ အရူပဓာတုယာ။ ။သွေ့ဝပုဂ္ဂလော အပရိယာ ပန္နေ ဒွိန္နံမဂ္ဂသမင်္ဂီနဉ္စ ဒုဋ္ဌမကဉ္စဋ္ဌပေတွာ အဝသေသာပုဂ္ဂလာ သမ္ဗတ္တ။ ။ပဋိလောမ၌ အနာဂါမိမဂ္ဂသမင်္ဂီ သုံးချက်။ အဂ္ဂမဂ္ဂ သမင်္ဂီနှစ်ချက်။ သမ္ဗတ္တတချက်။ ပေါင်းခြောက်ချက်။ ။ဘဝရာဂါ နုသယမူလီ၌ အနုလောမအာမန္တာ။ ပဋိလောမ၌လည်းကောင်း ခြောက်ချက်။ ။အဝိဇ္ဇာမူလီ၌ အဂ္ဂမဂ္ဂသမင်္ဂီ ဒုက္ခာယ ဝေဒနာယ သွေ့ဝ ပုဂ္ဂလော အပရိယာပန္နေ ဒွိန္နံ မဂ္ဂသမင်္ဂီနံ ဌပေတွာ အဝ သေသာပုဂ္ဂလာ သမ္ဗတ္တ။ ။ပဋိလောမ၌ အနာဂါမိမဂ္ဂ သမင်္ဂီ သုံးချက်။ သမ္ဗတ္တတချက်။ ။စတုမူ ဘဝရာဂမူလီ အနုလောမ၌ အာမန္တာ။ ပဋိလောမ၌ အဋ္ဌမကောနှစ်ချက်။ ။အနာဂါမိမဂ္ဂ သမင်္ဂီသုံးချက်။ အဂ္ဂမဂ္ဂသမင်္ဂီနှစ်ချက်။ သမ္ဗတ္တတချက်။ ပေါင်း ရှစ်ချက်။ ။အဝိဇ္ဇာမူလီ၌ အနုလောမ၌ သုံးချက်။ ပဋိလောမ၌ ငါးချက်။ ။ဆမူအဝိဇ္ဇာမူလီ အနုလောမ၌ သုံးချက်။ ပဋိလောမ၌ အဋ္ဌမကောနှစ်ချက်။ အနာဂါမိမဂ္ဂသမင်္ဂီသုံးချက်။ သမ္ဗတ္တတချက်။ ပေါင်းခြောက်ချက်။ ။ရှေးနည်းကိုမှီ၍ကောက်။ ။ပုဂ္ဂလောကာသ ဝါရပြီးပြီ။ ။ပဇာဟနဝါရပြီးပြီ။

---

## ၄-ပရိညာဝါရ

ပဇာဟနဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပရိညာဝါရ ကို ဟောတော်မူ၏။ ။ပဇာဟနဝါရအတိုင်း ဟောလေ။ မထူးပြီ။

---

## ၅-ပဟီနဝါရအနုလောမပုဂ္ဂလ

၂၆၄။ ပရိညာဝါရကိုဟောတော်မူသည်၏အခြားမဲ့၌ ပဟီန ဝါရကို ဟောတော်မူ၏။ ဝဝဏ္ဏာန်ကို ရှေးနည်းအတိုင်း ဆိုလေ။ ယဿ ကာမရာဂါနုသယော ပဟီနော။ တဿ ပဋိဃာနုသယော ပဟီနောတိ။ အာမန္တာ။ ။ယဿဝါပန။ အာမန္တာ။ ။ယဿ၊ အကြွင်

ပုဂ္ဂိုလ်သည်။ ကာမရာဂါနုသယော၊ကို။ ပဟီနော၊ ပယ်အပ်ပြီ။ တဿ၊ ထိုပုဂ္ဂိုလ်သည်။ ပဋိဃာနုသယော။ကို။ ပဟီနော၊ ပယ်ပြီလော။ ဇာတိပုစ္ဆာယံ၊သည်။ သတိ၊ရှိသော်။ အာမန္တာ၊ပယ်အပ်ပြီ။ ဇာတိဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ဖြစ်၏။ ယဿကို သမ္ဗန္ဓါန်လည်း ပေးကုန်၏။ ။အနု။၌။သန်။ ကား အနာဂါမ် ရဟန္တာ ရ၏။ ။သံသယဥင်းရ၏။ ။မာနာနုသယမူလိ၌ အနာဂါမိဿ။လ။အရဟတော။ ။ယဿဝါပန။အာမန္တာ။ ။ပါဠိအတိုင်းကောက်။ ဒိဋ္ဌာနုသယမူလိ၌ အနုလောမ အာမန္တာ။ ။ပဋိလောမ၌ ဒွိန္နံ ပုဂ္ဂလာနံ။လ။ ။ပ။၌။သန်ကား သောတာပန် သကဒါဂါမိရ၏။ အနာဂါမိရဟန္တာလည်းရ၏။ ။သံသယကား နောက်သာ။ ။ဘဝရာဂ အဝိဇ္ဇာမူလိ မာနာနုသယအတိုင်းပင်။ ။ဤနည်းကိုမှီ၍ ကောက်လေ။ ။ဤပဟီနဝါရ ပုဂ္ဂလအနုလုံ။ အနုသယဝါရပုဂ္ဂလပစ္စနိက်။ ဤနှစ်ပါးဝိဘင်းအရကောက်အတူတူ။မထူးပြီ။ ။ပုဂ္ဂလပြီးပြီ။

---

## အနုလောမ ဩကာသ

ဩကာသဝါရ၌။ ။ယတ္ထ ကာမရာဂါနုသယော ပဟီနော။ တတ္ထ ပဋိဃာနုသယော ပဟီနောတိ။ နဝတ္တဗ္ဗော။ ပဟီနောတိဝါ အပ္ပဟီနောတိဝါ။ ။ယတ္ထဝါပန နည်းတူ။ ။ပဟီနောတိဝါ၊ ပယ်အပ်ပြီဟူ၍ လည်းကောင်း။ အပ္ပဟီနောတိဝါ၊ မပယ်အပ်သေးဟူ၍ လည်းကောင်း။ နဝတ္တဗ္ဗော။မဆိုအပ်။ ။အနုလောမ၌ သန္နိဋ္ဌာန်ကား ကာမဓာတ် ဝေဒနာနှစ်ပါးရ၏။ ။သံသယပုဒ် အရမရှိ။ ပဋိသေဓ။

**အမှာ** အနုသယ အစရှိသော ဝါရတို့ကဲ့သို့ နောဟ ဝိသဇ္ဇနာမပြု၍ နဝတ္တဗ္ဗောဟု အဘယ်ကြောင့် ဝိသဇ္ဇနာပြုသနည်း ဟူမူကား ဖြစ်ရာအရပ်၏ မဆက်ဆံသည်၏ အဖြစ်ကြောင့် ဝိသဇ္ဇနာကို ပြုတော်မူသတည်း။ ကာမရာဂါနုသယ၏ဖြစ်ရာအရပ်လည်းတပါး ပဋိဃာနုသယ၏ ဖြစ်ရာအရပ်

လည်းတပါး။ မဂ်ကိုစီးဖြန်းကောင်းသော အကြင် ပုဂ္ဂိုလ်အား ကာမဓာတ် သုခဝေဒနာ ဥပေက္ခာဝေဒနာ တည်းဟူသော ဩကာသ၌ ကာမရာဂါ နုသယသည် ဖြစ်၏။ ထိုဩကာသ၌ပင်လျှင် ထိုကာမရာဂါနုသယကို ပယ်အပ်သည်ဖြစ်၏။ထိုကာမရာဂါနုသယ၏ဖြစ်ရာအရပ်၌လည်း ပဋိဃာနုသယသည် မဖြစ်။ပဋိဃာနုသယ၏ဖြစ်ရာအရပ်၌လည်းကာမရာဂါနုသယသည် မဖြစ်။ ထို့ကြောင့်ပဋိဃာနုသယကို ထိုကာမရာဂါနုသယ၏ ဖြစ်ရာအရပ်၌ ပယ်အပ်ပြီးလောဟု မေးသော် ပယ်အပ်ပြီးဟူ၍၎င်း မပယ်အပ်သေးဟူ၍၎င်း မဆိုအပ်ဟု ဖြေတော်မူ၏။ ။အဓိပ္ပါယ်အကျဉ်းကား ဖြစ်သလော ကိန်းသသော ရှိသလောဟု မေးတော်မမူ။ ပယ်အပ်ပြီလောဟု မေးတော်မူသောကြောင့် ထိုဌာန၌ပင်လျှင် ရှိရင်းမရှိသောကြောင့် မပယ်အပ်သေးဟု ဖြေတော်မမူဘဲ နဝတ္တဗ္ဗော အစရှိသောပါဠ်ဖြင့် ဝိသဇ္ဇနာ ပြုတော်မူသည်။ ။ဥပမာသော်ကား ကျောင်းနှစ်ကျောင်းတွင် တောင်ကျောင်း၌ သရက်ပင်သာ ရှိ၏။ ပိန္နဲပင်မရှိ။ မြောက်ကျောင်း၌ ပိန္နဲပင်သာရှိ၏။ သရက်ပင်မရှိ။ ထိုနှစ်ကျောင်းတွင် အသီးသီး သရက်ပိန္နဲပင်ကို ခုတ်ပယ်ကြပြီး၍ တဦးသောသူသည် အကြင် တောင်ကျောင်း၌ သရက်ပင်ကို ခုတ်ပယ်ပြီ။ ထိုတောင်ကျောင်း၌ ပိန္နဲပင်ကို ခုတ်ပယ်ပြီလောဟု မေးသည်ရှိသော် ထိုတောင်ကျောင်း၌ ပိန္နဲပင် ရှိရင်းပင် မဟုတ်သောကြောင့် ပယ်ပြီဟူ၍၎င်း မပယ်သေးဟူ၍လည်းကောင်း မဆိုအပ်သကဲ့သို့တည်း။

အနုသယဝါရ၌ နောဟူသော ပဋိသေဓ အရာ၌ နဝတ္တဗ္ဗောဟု ဆိုသည်သာ ထူးသည်။ ။ဩကာသဝါရပြီးပြီ။

---

**အနုလောမ ပုဂ္ဂလောကာသ**

ယဿ ယတ္ထကာမရာဂါနုသယော ပဟီနော။ တဿတတ္ထ ပဋိဃာနုသယောပဟီနောတိ။နဝတ္တဗ္ဗော ပဟီနောတိဝါ အပ္ပဟီနောတိဝါ။ ။ယဿဝါပနနည်းတူ။ ။အနုလောမ၌ သန္နိဋ္ဌာန်

ကား အနာဂါမ်ရဟန္တာ ပုဂ္ဂိုလ်တို့အား ကာမဓာတ်ဝေဒနာ နှစ်ပါးရ၏။ သံသယကား အရမရှိ။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်အား ဒုက္ခဝေဒနာ သုံးပါးရ၏။ ။ ယဿ။လ။ မာနာနုသယမူလိ၌ အနာဂါမိဿ ကာမဓာတုယာ ဒွီသု ဝေဒနာသု။တဿ တတ္ထ ကာမရာဂါ နုသယော ပဟီနော။ နော စ တဿတတ္ထမာနာ။လ။အရဟတော ကာမဓာတုယာ ဒွီသု ဝေဒနာသု။ လ။ ယဿဝါပန။လ။ အရဟတော ရူပဓာတုယာ အရူပဓာတုယာ။လ။ ကာမရာဂါနုသယော နဝတ္တဗ္ဗော ပဟီနောတိဝါ အပ္ပဟီနောတိဝါ။ တဿေဝပုဂ္ဂလဿ ကာမဓာတုယာ ဒွီသု ဝေဒနာသု။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား ရဟန္တာ ပုဂ္ဂိုလ်အား ရူပဓာတ် အရူပဓာတ်ရ၏။ ။ထိုရဟန္တာပုဂ္ဂိုလ်အား ကာမဓာတ် ဝေဒနာနှစ်ပါးလည်းရ၏။ ဒိဋ္ဌာနုသယမူလိ၌ အနုလောမအာမန္တာ။ ပဋိလောမ၌ ဒွိန္နံပုဂ္ဂလာနံ ဒုက္ခာယဝေဒနာယ ရူပဓာတုယာ အရူပဓာတုယာ။ လ။ နဝတ္တဗ္ဗော တေသံယေဝ ပုဂ္ဂလာနံ ကာမဓာတုယာ ဒွီသုဝေဒနာသု။ နော စ တေသံတတ္ထ ဒွိန္နံ ပုဂ္ဂလာနံ ဒုက္ခာယဝေဒနာယ ရူပဓာတုယာ အရူပဓာတုယာ။ တေသံယေဝပုဂ္ဂလာနံ ကာမဓာတုယာ ဒွီသု ဝေဒနာသု။ ။ ပဋိလောမ၌ သန္နိဋ္ဌာန်ကား သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ဓာတ်သုံးပါး ဝေဒနာသုံးပါး အနာဂါမ်ရဟန္တာပုဂ္ဂိုလ်အား ဒုက္ခဝေဒနာ ရူပဓာတ် အရူပဓာတ်ရ၏။ ။ထိုအနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့အား ကာမဓာတ် ဝေဒနာနှစ်ပါးလည်းရ၏။ ။ သံသယကား နောက်သာရ၏။ ။ဘဝရာဂမူလိ နဝတ္တဗ္ဗောချည်း။ အဝိဇ္ဇာမူလိ အနုလောမ ပဋိလောမ နှစ်ချက်စီထုတ်။ ။ပဋိဃာနုသယမူ မာနာနုသယမူလိ၌ နဝတ္တဗ္ဗောချည်း။ ။ဒိဋ္ဌာနုသယ မူလိ၌ အနုလောမ၌အာမန္တာ။ ပဋိလောမ၌ လေးချက်ထုတ်။ ဘဝရာဂမူလိနဝတ္တဗ္ဗောချည်း။အဝိဇ္ဇာမူလိအနုလောမပဋိလောမ နှစ်ချက်စီတည်း။ ။မာနာနုသယမူ ဒိဋ္ဌာနုံသယမူလိ၌ အနုလောမ အာမန္တာ။ပဋိလောမ၌ တိဏ္ဏံပုဂ္ဂလာနံ ဒုက္ခာယ ဝေဒနာယ။လ။

နဝတ္တဗ္ဗော တေသဉ္စေဝ ပုဂ္ဂလာနံ ကာမဓာတုယာ ဒွီသု ဝေဒနာသု ရူပဓာတုယာ အရူပဓာတုယာ နော စ။လ။ အရဟတော ဒုက္ခာယ ဝေဒနာယ။လ။ နဝတ္တဗ္ဗော။လ။ တဿေဝ ပုဂ္ဂလဿ ကာမဓာတုယာ ဒွီသု ဝေဒနာသု ရူပဓာတုယာ အရူပဓာတုယာ ။ဘဝရာဂမူလီ အနုလောမနှစ်ချက်။ ပဋိလောမ၌ အာမန္တာ။ ။အဝိဇ္ဇာမူလီ အနုလောမအာမန္တာ။ ။ပဋိလောမ၌ နှစ်ချက်ထုတ်။ ။ဒိဋ္ဌာနုသယဘဝရာဂါ နုသယမူလီ အနုလောမ၌ တိဏ္ဏံနှစ်ချက်။ ။အရဟတောနှစ်ချက်။ အဝိဇ္ဇာမူလီ အနုလောမ၌ တိဏ္ဏံတချက်။ ။အရဟတောတချက်။ ။ပဋိလောမ၌ အာမန္တာ။ ။ဘဝရာဂမူ အဝိဇ္ဇာမူလီ၌ အနုလောမ အာမန္တာ။ ပဋိလောမ၌နှစ်ချက်။ ။ကေမူပြီး၏။

ဒွိမူ၌ ယဿယတ္ထ ကာမရာဂါနုသယောစ ပဋိဃာနုသယောစ ပဟီနော။ တဿတတ္ထ မာနာနုသယော ပဟီနောတိ။ နတ္ထိ။ ။ယဿဝါပန ယတ္ထ။အရဟတော နှစ်ချက်။ ။ဒိဋ္ဌာနုသယမူလီ အနုလောမ နတ္ထိ။ပဋိလောမ၌ ဒွိန္နံပုဂ္ဂလာနံ ရူပဓာတုယာ အရူပဓာတုယာ။လ။ ကာမဓာတုယာ ဒွီသု ဝေဒနာသု။ လ။ဒုက္ခာယ။ လ။ ဒွိန္နံ ပုဂ္ဂလာနံ ဤ၌လည်း သုံးချက်။ ပေါင်းခြောက်ချက်။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ကား သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့အား ဓာတ်သုံးပါး ဝေဒနာသုံးပါး။အနာဂါမ်ရဟန္တာပုဂ္ဂိုလ်အား ရူပဓာတ် အရူပဓာတ်ရ၏။ ။ထိုအနာဂါမ် ရဟန္တာပုဂ္ဂိုလ်အား ကာမဓာတ် ဝေဒနာသုံးပါးလည်းရ၏။ ။ကာမရာဂါ နုသယော ပဟီနော ဟူသော သံသယပုဒ် တစိတ်၏ အရကား အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်အား ကာမဓာတ် ဝေဒနာနှစ်ပါးရ၏။ ။ပဋိဃာ။လ။တိဟူသော သံသယပုဒ် တစိတ်၏ အရကား ထိုအနာဂါမ် ရဟန္တာအား ဒုက္ခဝေဒနာရ၏။ ဘဝရာဂမူလီ၌ နဝတ္တဗ္ဗော။ ။အဝိဇ္ဇာမူလီ၌ ပဋိလောမ၌ အရဟတောသုံးချက်။ ။ဒွိမူမှစ၍ ဆမူတိုင်အောင် အနုလောမနတ္ထိ။ ။တိမူ ဒိဋ္ဌာနုသယမူလီ ပဋိလောမ၌ ဒွိန္နံ ပုဂ္ဂလာနံ ရူပဓာတုယာ အရူပဓာတုယာ။ လ။

တေသံယေဝ ပုဂ္ဂလာနံ ကာမဓာတုယာ ဒွိသု ဝေဒနာသု။လ။ တေသံယေဝ ပုဂ္ဂလာနံ ဒုက္ခာယ ဝေဒနာယ။လ. အနာဂါမိသဿ သုံးချက်။ အရဟာတော့သုံးချက်။ ပေါင်းကိုးချက်။ ။ပဋိလောမ၌ သန္နိဋ္ဌာန်ပုဒ်၏အရကား သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ဓာတ်သုံးပါး ဝေဒနာသုံးပါး အနာဂါမ် ပုဂ္ဂိုလ်အား ရူပဓာတ် အရူပဓာတ် ရဟန္တာအား ဒုက္ခဝေဒနာရ၏။ ။အနာဂါမ်ပုဂ္ဂိုလ်အား ကာမဓာတ် ဝေဒနာသုံးပါး ရဟန္တာပုဂ္ဂိုလ်အား ဓာတ်သုံးပါး ဝေဒနာသုံးပါးလည်းရ၏။ ။ကာမရာဂါနုသယော ပဟီနော ဟူသော သံသယပုဒ် တစိတ်၏ အရကား အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့အား ကာမဓာတ် ဝေဒနာနှစ်ပါး ရ၏။ ။ပဋိဃာနုသယော ပဟီနော ဟူသောသံသယပုဒ်တစိတ်၏ အရကား အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့အား ဒုက္ခဝေဒနာရ၏။ မာနာနုသယောပဟီနော ဟူသော သံသယပုဒ်တစိတ်၏ အရကား ရဟန္တာပုဂ္ဂိုလ်အား ဓာတ်သုံးပါး ဝေဒနာနှစ်ပါးရ၏။ ဘဝရာဂမူလီ ပဋိလောမ၌ မာနာနုသယော ပဟီနော။ အကြွင်း နဝတ္တဗ္ဗော။ ။အဝိဇ္ဇာမူလီပဋိလောမ၌ သုံးချက်ထုတ်။အကောက်လွယ်ပြီ။ ။စတုမူ ဘဝရာဂမူလီ၌ ပဋိလောမ၌ မာနာနုသယော ပဟီနော။ အကြွင်း နဝတ္တဗ္ဗော။ ။အဝိဇ္ဇာမူလီ ပဋိလောမ၌ အရဟာတော သုံးချက်။ ။ဝိစိကိစ္ဆာ မူလီ ပဋိလောမ ကိုးချက်။ ဘဝရာဂ အဝိဇ္ဇာမူလီတို့၌ တိမူအတိုင်း။ ပဉ္စမူ ဆမူတို့၌လည်း နည်းတူ။ ။အနုလုံပြီး၏။

---

## ပဋိလောမ ပုဂ္ဂလ

ပစ္စနိက်၌ ယဿကာမရာဂါနုသယော အပ္ပဟီနော။ တဿ ပဋိဃာနုသယော အပ္ပဟီနောတိ။ အာမန္တာ။ ။အနု၌ သန္နိဋ္ဌာန်ကား ပုထုဇဉ် သောတာပန် သကဒါဂါမ် ရ၏။ ။သံသယလည်း ၎င်းရ၏။ ။ယဿကာမရာဂါနုသယော အပ္ပဟီနော။

တဿ မာနာ။လ။ အာမန္တာ။ ယဿဝါပန။ အနာဂါမိဿ ။လ။ တိဏ္ဏံ။ ။ပဋိလောမ၌ သန်ကား အနာဂါမ် ပုဂ္ဂိုလ်ရ၏။ ပုထုဇဉ်-သောတာပန်သကဒါဂါမ် ပုဂ္ဂိုလ်လည်း ရ၏။အနုသယ ဝါရ အနုလုံအတိုင်း ဟောလေ။ ။ယတ္ထ ကာမရာဂါနုသယော အပ္ပဟီနော။ တတ္ထ ပဋိဃာနုသယော အပ္ပဟီနောတိ။ နဝတ္တဗ္ဗော ပဟီနောတိဝါ အပ္ပဟီနောတိဝါ။ ။အနုလောမ၌ကား ကာမ ဓာတ် ဝေဒနာနှစ်ပါး ရ၏။ ။အနုလုံအတိုင်း ပစ္စနိက်ဟူ၍ အထူး မရှိပြီ။

---

## ပဋိလောမ ပုဂ္ဂလော ကာသ

ပုဂ္ဂလောကာသဝါရ၌။ ။ယဿ ယတ္ထ ကာမရာဂါနုသယော အပ္ပဟီနော။လ။ တဿ တတ္ထ ပဋိဃာနုသယော အပ္ပဟီနောတိ။ နဝတ္တဗ္ဗော။ ။အနုလောမ၌ကား ပုထုဇဉ်သောတာပန် သကဒါ ဂါမ်ပုဂ္ဂိုလ်တို့အား ကာမဓာတ် ဝေဒနာ နှစ်ပါးရ၏။ ။ပဋိ လောပ၌ ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ဒုက္ခဝေဒနာသုံးပါးရ၏။ ။မာနာနုသယ မူလိ၌ အနုလောမ အာမန္တာ။ ပဋိလောမ၌ အနာဂါမိဿ ရူပဓာတုယာ အရူပ ဓာတုယာ။လ။ တဿေဝ ပုဂ္ဂလဿ ကာမဓာတုယာ ဒွီသု ဝေဒနာသု။လ။ လည်းကောင်း။ တိဏ္ဏံ နှစ်ချက်၊ ။ပဋိလောမ ၌ကား အနာဂါမ်ပုဂ္ဂိုလ်အား ကာမဓာတ် ဝေဒနာနှစ်ပါး ရူပ ဓာတ် အရူပဓာတ်။ ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ် တို့အား ရူပဓာတ် အရူပဓာတ်ရ၏။ ။ထိုပုထုဇဉ် သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့အားကာမဓာတ်ဝေဒနာနှစ်ပါးလည်းရ၏။ ဒိဋ္ဌာနုသယမူလိ အနုလောမ၌ ဒွိန္နံတချက် ပုထုဇ္ဇနဿတချက်။ ပဋိလောမ၌ ပုထုဇ္ဇနဿနှစ်ချက်။ ။ဘဝရာဂမူလိ၌ နဝတ္တဗ္ဗော။ အဝိဇ္ဇာမူလိ အနုလောမ အာမန္တာ။ ။ပဋိလောမ၌ အနာဂါ မိဿနှစ်ချက်။ ။တိဏ္ဏံနှစ်ချက်။ ပဋိဃာနုသယ မာနာနုသယမူ

လိ၌ နဝတ္တဗ္ဗောသာ။ ။ဒိဋ္ဌာနုသယမူလိ အနုလောမ၌ ဒွိန္နံ တချက်။ ။ပုထုဇ္ဇနဿတချက်။ ။ပဋိလောမ၌ ပုထုဇ္ဇနဿနှစ်ချက်။ ဘဝရာဂ မူလိ၌ နဝတ္တဗ္ဗောသာ။ ။အဝိဇ္ဇာမူလိ ပဋိလောမ၌ အနာဂါမိဿနှစ်ချက်။ ။တိဏ္ဏံနှစ်ချက်။ မာနာနုသယမူ ဒိဋ္ဌာနုသယမူလိ၌ အနုလောမ၌တိဏ္ဏံတချက်။ ။ပုထုဇ္ဇနဿတချက်။ ပဋိလောမ၌ ပုထုဇ္ဇနဿနှစ်ချက်။ ။ဘဝရာဂမူလိ၌ စတုန္နံပုဂ္ဂလာနံ နှစ်ချက်။ ။အဝိဇ္ဇာမူလိ ပဋိလောမ၌ စတုန္နံနှစ်ချက်။ ။ဒိဋ္ဌာနုသယမူဘဝရာဂမူလိ အနုလောမ၌ ပုထုဇ္ဇနဿနှစ်ချက်။ ။ပဋိလောမ၌ တိဏ္ဏံတချက်။ ။ပုထုဇ္ဇနဿတချက်။ ။အဝိဇ္ဇာမူလိ၌ အနုလောမ အာမန္တာ။ ပဋိလောမ၌တိဏ္ဏံတချက်။ ။ပုထုဇ္ဇနဿ တချက်။ ။ဘဝရာဂမူ အဝိဇ္ဇာမူလိ၌ အနုလောမ အာမန္တာ။ ပဋိလောမ၌ စတုန္နံနှစ်ချက်။ ဧကမူပြီး၏။

ဒွိမူ မာနာနုသယမူလိ၌ အနုလောမနတ္ထိ။ ။ပဋိလောမ၌ လေးချက်။ ။ဧကမူအတိုင်း။ ။တိမူဒိဋ္ဌာနုသယမူလိ၌ အနုလောမ နတ္ထိ။ ပဋိလောမ၌သုံးချက်။ ။ဘဝရာဂမူလိ၌ အနုလောမနတ္ထိ။ အနုလောမဟူသမျှ၌ နတ္ထိချည်း။ ။ပဋိလောမ၌ မာနာနုသယော အပ္ပဟီနော။ အကြွင်း နဝတ္တဗ္ဗော။ အဝိဇ္ဇာမူလိ ပဋိလောမ၌ အနာဂါမိဿသုံးချက်။ တိဏ္ဏံသုံးချက်။ ။စတုမူဘဝရာဂမူလိ ပဋိလောမ၌ တိဏ္ဏံတချက်။ ပုထုဇ္ဇနဿတချက်။ ။အဝိဇ္ဇာမူလိ ပဋိလောမ၌ အနာဂါမိဿ ဒုက္ခာယ ဝေဒနာယ။လ။ကာမဓာတုယာ ဒွိသု ဝေဒနာသု။လ။ ရူပဓာတုယာ အရူပဓာတုယာ။လ။ ဒွိန္နံ ပုဂ္ဂလာနံသုံးချက်။ ။ပုထုဇ္ဇနဿသုံးချက်။ ။ပေါင်းကိုးချက်။ ။ပဉ္စမူ ဆမူ ၌သုံးချက်ပင်။ အဝိဇ္ဇာမူလိ၌ ကိုးချက်ထွက်သည်။ ။ပဋိလောမ၌ အဝိဇ္ဇာနုသယော အပ္ပဟီနော ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား အနာဂါမ် ပုဂ္ဂိုလ်အား ဒုက္ခဝေဒနာသုံးပါးရ၏။ ။ထို အနာဂါမ်ပုဂ္ဂိုလ်အား ၊ကာမဓာတ် ဝေဒနာနှစ်ပါး ရူပဓာတ် အရူပဓာတ် ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား

ကာမဓာတ် ဝေဒနာ သုံးပါးလည်းရ၏။ သံသယအရ မာနာ နုသယော အပ္ပဟီနော ဟူသော သံသယပုဒ်တစိတ်၏ အရကား ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့အား ကာမဓာတ် ဝေဒနာနှစ်ပါး ရူပဓာတ် အရူပဓာတ်ရ၏။ ။ကာမ ရာဂါ နုသယော အပ္ပဟီနော ဟူသောသံသယပုဒ် တစိတ်၏ အရကား ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ကာမဓာတ် ဝေဒနာနှစ်ပါးရ၏။ ။ပဋိဃာ နုသယောအပ္ပဟီနော ဟူသော သံသယပုဒ် တစိတ်၏ အရကား ပုထုဇဉ်သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ဒုက္ခဝေဒနာသုံးပါးရ၏။ ။ဒိဋ္ဌာ နုသယောစ ဝိစိကိစ္ဆာနုသယောစ အပ္ပဟီနောဟူသော သံသယ ပုဒ်၏ အရကား ပုထုဇဉ်ပုဂ္ဂိုလ်အား ဓာတ်သုံးပါး ဝေဒနာ သုံးပါးရ၏။ ။ဘဝရာဂါနုသယော အပ္ပဟီနောဟူသော သံသယ ပုဒ် တစိတ်၏အရကား ပုထုဇဉ် သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ် တို့အား ရူပဓာတ် အရူပဓာတ်ရ၏။ သသယပုဒ်၏ အရမရှိ။ ကောဋ္ဌာသကို အနုသယအတိုင်း ဆိုလေ။ ။ပဟီနဝါရပြီးပြီ။

---

## ၆—ဥပ္ပဇ္ဇနဝါရ

ဥပ္ပဇ္ဇနဝါရကို အနုသယဝါရအတိုင်းဟော။ ဥပ္ပဇ္ဇတိ ကြိယာ သာထူးသည်။ ။ဥပ္ပဇ္ဇတိ၌ ဥပါဒ်စဉ် ခဏကိုသာ မယူမူ၍ အကြင် မျှလောက်မဂ်ဖြင့် မပယ်ရသေး။ ထိုမျှလောက် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ် လတ္တံ့ ကာလသုံးပါး၌ယူလေ။

---

## ၇—ဓာတု ပုစ္ဆာဝါရ

ဥပ္ပဇ္ဇနဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဓာတုဝါရကို ဟောတော်မူ၏။ ထိုဓာတုဝါရ၌ တုံသည်လည်း ပုစ္ဆာဝါရ ဝိဿဇ္ဇနာဝါရ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ပုစ္ဆာဝါရ ကို။၏။ ထို၌တုံသည်လည်း ကာမဓာတုမှ၊ ရူပဓာတုမှ၊ အရူပဓာ တုမှ၊ နကာမဓာတုမှ၊ နရူပဓာတုမှ၊ နအရူပဓာတုမှ၊ နကာမ

နရူပဓာတုမူ၊ နရူပ နအရူပဓာတုမူ၊ နကာမ နအရူပဓာတုမူ အားဖြင့် ကိုးပါး အပြားရှိ၏။ ထိုတွင် ကာမဓာတုမူကို ရှေးဦးစွာ ဟောတော်မူ၏။ ။ထို၌ တုံသည်လည်း ကာမဓာတုမူလီ အစ ရှိသောအားဖြင့် ကိုးပါးအပြားရှိ၏။ ထိုတွင် ကာမဓာတုမူလီကို။ ၏။ကား ကာမဓာတုယာ စုတဿကာမဓာတုံ ဥပပဇ္ဇန္တဿကတိ အနုသယာ အနုသေန္တိ ကတိ အနုသယာ နာနုသေန္တိ ကတိ အနုသယာဘင်္ဂါ။

၃၃၂။ ကာမဓာတုယာ၊ ကာမတဆဲ့တဘုံမှ။ စုတဿ၊စုတေသော။ ကာမဓာတုံ၊ ကာမတဆဲ့တဘုံ၌။ ဥပပဇ္ဇန္တဿ၊ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား။ ကတိ၊ အဘယ်မျှကုန်သော။ အနုသယာ၊ တို့သည်။ အနုသေန္တိ-သန္တာနံ အနုဂတာဟုတ္វာ သယန္တိ၊သန္တာန်သို့ အစဉ်လိုက်၍ ကိန်းကုန်သနည်း။ ကတိ၊ အဘယ်မျှကုန်သော။ အနုသယာ၊ တို့သည်။ နာနုသေန္တိ-သန္တာနံန အနုဂတာဟုတ္វာ သယန္တိ၊သန္တာန်သို့ အစဉ်လိုက်၍ မကိန်းကုန်သနည်း။ကတိ၊ကုန်သော။အနုသယာ၊ အနုသယတို့ကို။ ဘင်္ဂါ-ဘဉ္ဇိတဗ္ဗာ၊ ဤမျှသော အနုသယကား ဖြစ်၏။ ဤမျှသော အနုသယကား မဖြစ်ဟူ၍ ဝေဘန်ခွဲခြမ်း အပ်ကုန်သနည်း။ ရူပဓာတုမူလီ အစရှိသည်တို့ကို အစဉ်အတိုင်းထည့်၍ ဟောလေ။ ။(ဤကဲ့သို့တမူတွင် ကိုးချက်စီ ထည့်၍ကိုးချက်ကိုးလီဖြစ်ရကား နဝနဝါ ကောအဿိ၊ ရှစ်ဆဲ့တ ပုစ္ဆာ ဖြစ်သတည်း)။

၃၃၃။ ပုစ္ဆာဝါရကို ဟောတော် မူသည်၏ အခြားမဲ့၌ ဝိဿဇ္ဇနာဝါရကို။၏။ ဝဏ္ဏနာန်ဆိုမြ။ ။ကာမဓာတုယာစုတဿ ကာမဓာတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တအနုသယာ အနုသေန္တိ။ ကဿစိ ပဉ္စအနုသယာ အနုသေန္တိ။ အနုသယာ ဘင်္ဂါနတ္ထိ။ ကာမ ဓာတုယာ၊ကာမတဆဲ့တဘုံမှ။ စုတဿ၊ စုတေသော။ ကာမ ဓာတုံ၊ ကာမတဆဲ့တဘုံ၌။ ဥပပဇ္ဇန္တဿ။ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား။ ကဿစိ၊ အချို့သော ပုထုဇဉ် ပုဂ္ဂိုလ်အား။ သတ္တ၊ ခုနစ်ပါးကုန်သော။ အနုသယာ၊ အနုသယတို့သည်။ အနုသေန္တိ-

သန္တာနံ အနုဂတာဟုတွာ သယန္တိ၊ သန္တာန်သို့ အစဉ်လိုက်၍ ကိန်းကုန်၏။ ကဿစိ၊အချို့သော သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်တို့အား။ ပဉ္စ၊ငါးပါးကုန်သော။ အနုသယာ၊ တို့သည်။ အနုသေန္တိ-သန္တာနံ အနုဂတာ ဟုတွာ သယန္တိ၊ ကုန်၏။ ဘင်္ဂါ-ဘဇ္ဇိတဗ္ဗာ၊ ဤမျှသော အနုသယကားဖြစ်၏ ဤမျှသော အနုသယကားမဖြစ်ဟူ၍ ဝေဘန်ခွဲခြမ်းအပ်ကုန်သော။ အနုသယာ၊ တို့သည်။ နတ္ထိ၊ မရှိကုန်။ ။ကာမဓာတုယာ စုတဿ၏အရကား ကာမစုတိတဆယ် စေတသိက်တွေဟူသ ကမ္မဇကလာပ် သုံးစည်း ခုနစ်စည်း လေးစည်း အဆုံးစွန်သော ကမ္မဇရုပ်တို့၏ ဘင်္ဂက္ခဏာ သမင်္ဂီဟုဆိုအပ်သော ပုထုဇဉ်လေးယောက် အောက်ဖလဋ္ဌာန် နှစ်ယောက်တို့အား ကာမတဆဲ့တဘုံရ၏။ ။ကာမဓာတုံ ဥပပဇ္ဇန္တဿ အရကားကာမပဋိသန္ဓေတဆယ် စေတသိက်တွေဟူသ ကမ္မဇကလာပ် သုံးစည်း ခုနစ်စည်း လေးစည်းတို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟုဆိုအပ်သော ပုထုဇဉ် လေးယောက် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် နှစ်ယောက်တို့အား ကာမတဆဲ့တဘုံရ၏။ ။ကဿစိ သတ္တ အနုသယာ အနုသေန္တိ၏ အရကား ပုထုဇဉ် ပုဂ္ဂိုလ်အား အနုသယခုနစ်ပါးရ၏။ ။ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၏အရကား သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်တို့အား ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယမှတပါး အနုသယငါးပါးရ၏။

ထိုသို့ရသောကြောင့် ကာမတဆဲ့တဘုံမှ စုတေ၍ ကာမတဆဲ့ တဘုံ၌ ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်အား အဘယ်မျှသော အနုသယတို့သည် ကိန်းကုန်သနည်း အဘယ်မျှသော အနုသယတို့သည် မကိန်းကုန်သနည်းဟု မေးတော်မူဦး၍ အချို့သော ပုထုဇဉ်ပုဂ္ဂိုလ်အား အနုသယခုနစ်ပါး အချို့သော သောတာပန် သကဒါဂါမိပုဂ္ဂိုလ်တို့အား အနုသယငါးပါးကိန်းသော အဖြစ်ကို ကဿစိ သတ္တ အနုသယာ အနုသေန္တိ။ကဿစိ ပဉ္စအနုသယာအနုသေန္တိ။အနုသယာဘင်္ဂါနတ္ထိ ဟုဖြေတော်မူ၏။

အမှာ အနုသယာ ဘင်္ဂါနုတ္တိ၏ အဓိပ္ပါယ်ကား ပုထုဇဉ်ပုဂ္ဂိုလ်အားအနုသယခုနစ်ပါးကိန်း၏။ ထိုခုနစ်ပါးတို့တွင် ဤမည်သော အနုသယကိန်း၏ ဤမည်သောအနုသယမကိန်းဟူ၍ လည်းကောင်း ဤမည်သော အနုသယသည် ရှိခါကိန်း၏ ဤမည်သော အနုသယသည် ရှိခါမကိန်းဟူ၍ လည်းကောင်း မဝေဘန်အပ်။ ။သောတာပန် သကဒါဂါမိပုဂ္ဂိုလ်အားလည်း ထို့အတူ မဝေဘန်အပ် ဟူလိုသည်။ ။ ထို့ကြောင့် အဋ္ဌကထာ၌။ ။အနုသယာ ဘင်္ဂါနုတ္တိတိ ယဿဟိ ယော အနုသယော အနုသေတိ။ သော အနုသေတိယေဝ။ ယော နာနုသေတိ။ သော နာနုသေတိယေဝ။ အယံ အနုသေတိစ နာနုသေတိစ ဒွယံသိယာအနုသေတိ သိယာနာနုသေတိတိ ဧဝံ ဝိဘာဇိတဗ္ဗော အနုသယောနာမနုတ္တိ ဟုမိန့်အပ်၏။

ကာမဓာတုယာ၊ကာမသုဂတိခုနစ်ဘုံမှ။ စုတဿ၊စုတေသော။ ရူပဓာတုံ၊ ရူပတဆဲ့ခြောက်ဘုံ၌။ ဥပပဇ္ဇန္တဿ၊ ပဋိသန္ဓေနေသောပုဂ္ဂိုလ်အား။ ကဿစိ၊ အချို့သော ပုထုဇဉ်ပုဂ္ဂိုလ်အား။ သတ္တ၊ခုနစ်ပါးကုန်သော။ အနုသယာ၊ အနုသယတို့သည်။ အနုသေန္တိ၊ ကိန်းကုန်၏။ ကဿစိ၊ အချို့သော သောတာပန် သကဒါဂါမိပုဂ္ဂိုလ်တို့အား။ ပဉ္စ၊ ငါးပါးကုန်သော၊ အနုသယာ၊ တို့သည်။ အနုသေန္တိ; ကုန်၏။ ကဿစိ၊အနာဂါမိပုဂ္ဂိုလ်အား။ တယော၊ ကုန်သော။ အနုသယာ၊ တို့သည်။အနုသေန္တိ၊ကုန်၏။ ကာမဓာတုယာ စုတဿ၏အရကား ကာမတိဟိတ် စုဟိလေးခု စေတသိက် တေတ္တိံသ အဆုံးစွန်သောကမ္မဇရုပ်တို့၏ဘင်္ဂက္ခဏာ သမင်္ဂီဟု ဆိုအပ်သော တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့အား ကာမသုဂတိ ခုနစ်ဘုံရ၏။ ။ရူပဓာတုံ ဥပပဇ္ဇန္တဿ၏ အရကား ရူပပဋိသန္ဓေ ငါးခု စေတသိက် ပဉ္စတိံသ ကမ္မဇကလာပ် လေးစည်း ဇီဝိတနဝကကလာပ် ရုပ်တို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟု ဆိုအပ်သော သုဂတိ အဟိတ် တိဟိတ် ပုထုဇဉ် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံးယောက်ရ၏။ ။ကဿစိ

သတ္တအနုသယာ အနုသေန္တိ၏ အရကား သုဂတိ အဟိတ် တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်အား အနုသယခုနစ်ပါးရ၏။ ။ကဿစိ ပဉ္စအနုသယာ အနုသေန္တိ၏အရကား သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်အား ဒိဋ္ဌိ ဝိစိကိစ္ဆာကြဉ်သော အနုသယ ငါးပါးရ၏။ ကဿစိ တယော အနုသယာ အနုသေန္တိ အရကား အနာဂါမိ ပုဂ္ဂိုလ်အား မာနာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယ တည်းဟူသော သုံးပါးသောအနုသယရ၏။

**အမှာ** ရူပဘုံ၌ ပဋိဃာ နုသယမရှိ။ အသညသတ်ဘုံ၌လည်း အနုသယ ခုနစ်ပါးမရှိ။ ထိုသို့မရှိဘဲလျက် ကဿစိ သတ္တ အနုသယာ အနုသေန္တိအစရှိသည်ကို ဟောတော်မူအပ်သနည်း ဟူမူကား ဘုံအားဖြင့်ပင် မရှိသော်လည်း ထို ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မဂ်ဖြင့် မပယ်ရသေးသောကြောင့် ဖြစ်ဆဲ မဟုတ်သော်လည်း ဖြစ်ပြီးဖြစ်လတ္တံ့ဖြစ်၍ ဟောတော်မူသတည်း။

ကာမဓာတုယာ၊ ကာမသုဂတိ ခုနစ်ဘုံမှ။ စုတဿ၊ စုတေသော။ အရူပဓာတုံ၊ အရူပလေးဘုံ၌။ ဝိသဇ္ဇနာ အတူတူ သုံးချက်။ ။အရကို နည်းတူကောက်။ အရူပပဋိသန္ဓေ လေးခု ဆိုလေ။ ။ကာမဓာတုယာ၊ ကာမသုဂတိခုနစ်ဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ၊ ရူပတဆဲ့ခြောက်ဘုံ အရူပလေးဘုံ၌။ အတူဆို။ ။ကာမဓာတုယာ၊ ကာမတဆဲ့တဘုံမှ။ စုတဿ၊သော။ နရူပဓာတုံ၊ကာမတဆဲ့တဘုံ အရူပလေးဘုံ၌။ ။ကာမဓာတုယာ၊ ကာမ တဆဲ့တဘုံမှ။ စုတဿ၊သော။ နအရူပဓာတုံ၊ ကာမတဆဲ့ တဘုံ ရူပတဆဲ့ခြောက်ဘုံ၌။ ။ကာမဓာတုယာ၊ ကာမသုဂတိ ခုနစ်ဘုံမှ။ စုတဿ၊ စုတေသော။ နကာမဓာတုံ နအရူပဓာတုံ၊ ရူပ တဆဲ့ခြောက်ဘုံ၌။ ။ကာမဓာတုယာ၊ ကာမတဆဲ့တဘုံမှ။ စုတဿ၊ စုတေသော။ နရူပဓာတုံ နအရူပဓာတုံ၊ ကာမတဆဲ့ တဘုံ၌။ ။ကာမဓာတုယာ–ကာမသုဂတိခုနစ်ဘုံမှ။ စုတဿ၊ စုတေသော။ နကာမဓာတုံ နရူပဓာတုံ၊ အရူပလေးဘုံ၌။ ။ကာမ ဓာတုမှု ပြီး၏။

၃၄၂။ ရူပဓာတုယာ၊ အသညသတ် အကနိဋ္ဌ ကြဉ်သောရူပ တဆဲ့လေးဘုံမှ။ စုတဿ၊ စုတေသော။ ရူပဓာတုံ၊ အသညသတ် ကြဉ်သောရူပတဆဲ့ငါးဘုံ၌။ ။ရူပဓာတုယာ၊သုဒ္ဓါဝါသကြဉ်သော ရူပတဆဲ့တဘုံမှ။ စုတဿ၊ စုတေသော။ ကာမဓာတုံ၊ ကာမ သုဂတိခုနစ်ဘုံ၌။ ဥပပဇ္ဇန္တဿ၊ ပဋိသန္ဓေ နေသောပုဂ္ဂိုလ်အား။ သတ္တဝ၊ ခုနစ်ပါးသောလျှင် ဖြစ်ကုန်သော။ အနုသယာ၊ တို့သည်။ အနုသေန္တိ၊ ကုန်၏။

**အမှာ** ရူပဘုံမှ စုတေသော သုဂတိ အဟိတ် တိဟိတ် ပုထုဇဉ်။ ။ကာမဘုံ၌ ဒွိဟိတ်တိဟိတ် ပုထုဇဉ်သာ တည်း။ ။အရိယာပုဂ္ဂိုလ် ရူပဘုံမှကာမဘုံ၌ ပဋိသန္ဓေ မနေ။ သတ္တဝ အနုသယာ အနုသေန္တိ ပါဠိတော်ကို ထောက်၍ သိအပ်၏။

ရူပဓာတုယာ၊ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ် ဘုံမှ။ အရူပဓာတုံ၊ အရူပလေးဘုံ၌။ ။ရူပဓာတုယာ၊ အသည သတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ၊ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ အရူပလေး ဘုံ၌။ ။ရူပဓာတုယာ၊ သုဒ္ဓါဝါသကြဉ်သော ရူပတဆဲ့တဘုံမှ။ စုတဿ၊ သော။ နရူပဓာတုံ၊ ကာမသုဂတိခုနစ်ဘုံ အရူပလေးဘုံ ၌။ ။ရူပဓာတုယာ၊ အကနိဋ္ဌ ကြဉ်သော ရူပ တဆဲ့ ငါးဘုံမှ။ စုတဿ၊ သော။ နအရူပဓာတုံ၊ ကာမသုဂတိ ခုနစ်ဘုံ အသည သတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၌။ ရူပဓာတုယာ၊ အသညသတ် အကနိဋ္ဌ ကြဉ်သော ရူပတဆဲ့လေးဘုံမှ။ စုတဿ၊ သော။ နကာမ ဓာတုံ နအရူပဓာတုံ၊ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ၌။ ရူပဓာတုယာ၊သုဒ္ဓါဝါသကြဉ်သော ရူပတဆဲ့ တဘုံမှ။ စုတဿ၊ စုတေသော။ နရူပဓာတုံ နအရူပဓာတုံ၊ ကာမသုဂတိ ခုနစ်ဘုံ၌။ ရူပဓာတုယာ၊ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရ ဆယ်ဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ နရူပဓာတုံ၊ အရူပလေးဘုံ၌။ ရူပဓာတုမူ ပြီးပြီ။

၃၄၃။ အရူပ ဓာတုယာ၊ အရူပ လေးဘုံမှ။ စုတဿ၊ သော။ အရူပဓာတုံ၊အရူပလေးဘုံသို့။ အရူပဓာတုယာ၊ အရူပ လေးဘုံမှ။ စုတဿ၊သော။ ကာမဓာတုံ၊ကာမသုဂတိခုနစ်ဘုံသို့။ဥပပဇ္ဇန္တဿ၊ ပဋိသန္ဓေနေသောပုဂ္ဂိုလ်အား။ သဗ္ဗော၀၊ကုန်သော။ အနုသယာ။ တို့သည်။ အနုသေန္တိ၊၏။ (ဤ၌လည်း သဗ္ဗော၀ကို ထောက်၍ ပုထုဇဉ်သာတည်း။ ။ဤသဗ္ဗော၀ကို ထောက်၍ တိဟိတ်ပုထုဇဉ်သာ၊အရိယာအောက်သို့ မဆင်းပြီ)။ ။အရူပဓာတုယာ၊ အရူပ လေးဘုံမှ။ စုတဿ၊ သောပုဂ္ဂိုလ်အား။ ရူပဓာတုယာ၊ ရူပဓာတ်၌။ဥပပတ္တိနာမ၊ ပဋိသန္ဓေနေခြင်းမည်သည်။ နတ္ထိ၊မရှိ။ ။ဟေဋ္ဌာ၊ အောက်၌။ ဥပပဇ္ဇမာနော၊ ဖြစ်သည်ရှိသော်။ ကာမဓာတုံယေ၀၊ ကာမဘုံ၌သာလျှင်။ ဥပပဇ္ဇတိ၊ဖြစ်၏။ သဗ္ဗော၀၊ ကုန်သော။အနုသယာ၊ တို့သည်။ အနုသေန္တိ၊ ကုန်၏။ ။အရူပဓာတုယာ၊အရူပ လေးဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ၊ အရူပလေးဘုံသို့။

**အမှာ** နကာမဓာတုယာပင် ဆိုသော်လည်း အရူပဘုံမှ ရူပါဝစရဘုံ၌မဖြစ်။ ထိုကြောင့် အရူပဘုံချင်းချင်းသာယူလေ။ ။အဘယ့်ကြောင့် အရူပဘုံမှ ရူပါဝစရဘုံ၌ ။ဖြစ်သနည်းဟူမူကား ရူပါဝ^ရ၌ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ရူပါဝစရကုသိုလ်ဈာန်သည် အရူပဘုံ၌ မရှိသောကြောင့်တည်း။ ထိုကြောင့် အဋ္ဌကထာ၌ ရူပဓာတုယာ ဥပပတ္တိ နတ္ထီတိ။ ကသ္မာ နတ္ထိ။ ဥပပတ္တိ နိပ္ဖါဒကဿ ရူပါဝစရ ဈာနဿ အဘာဝါ။ သော ဟိ သဗ္ဗသော ရူပသညာနံ သမတိက္ကမာ တံ ဓာတုံ ဥပပန္နောတိ။ နာဿ တတ္ထ ရူပါဝစရဈာနံ အတ္ထိ။ တဒဘာဝါ ရူပဓာတုယံ ဥပပတ္တိ နတ္ထီတိ ဝေဒိတဗ္ဗာ။ ။ဟုမိန့်အပ်၏။

အရူပဓာတုယာ၊ အရူပလေးဘုံမှ။ စုတဿ၊စုတေသော။နရူပဓာတုံ၊ ကာမသုဂတိခုနစ်ဘုံ အရူပလေးဘုံ၌။ ။အရူပဓာတုယာ၊ အရူပလေးဘုံမှ။ စုတဿ၊ စုတေသော။ နရူပဓာတုံနအရူပဓာတုံ၊ ကာမသုဂတိခုနစ်ဘုံ၌။ ။အရူပ ဓာတုယာ၊ အရူပ လေးဘုံမှ။ စုတဿ၊ စုတေသော။ နကာမဓာတုံ နအရူပဓာတုံ၊ ရူပဘုံ၌။ ။

အရူပ ဓာတုယာ၊ အရူပလေးဘုံမှ၊ စုတဿ၊ စုတေဿ၊ နရူပ ဓာတုံ နအရူပဓာတုံ၊ ကာမသုဂတိခုနစ်ဘုံ၌။ အရူပဓာတုယာ၊ အရူပလေးဘုံမှ၊ စုတဿ၊ စုတေဿ၊ နကာမဓာတုံ နရူပဓာတုံ၊ အရူပလေးဘုံ၌။

၃၄၄။ နကာမဓာတုယာ၊ သုဒ္ဓါဝါသကြဉ်သော ရူပတဆဲ့တဘုံ အရူပလေးဘုံမှ၊ စုတဿ၊သော။ ကာမဓာတုံ၊ကာမသုဂတိခုနစ်ဘုံ၌။ နကာမဓာတုယာ၊ အသညသတ် အကနိဋ္ဌ ကြဉ်သော ရူပတဆဲ့လေးဘုံမှ။ စုတဿ၊ သော။ ရူပဓာတုံ၊ အသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံ၌။ နကာမဓာတုယာ၊ ဝေဟပ္ဖိုလ်တိုင် အောင်သော ရူပါဝစရ ဆယ်ဘုံ အရူပ လေးဘုံမှ။ စုတဿ၊ သော။ အရူပဓာတုံ၊ အရူပ လေးဘုံ၌။ ။နကာမဓာတုယာ၊ အသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံ အရူပလေးဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ၊ အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံ အရူပလေးဘုံ၌။ ။နကာမဓာတုယာ၊ သုဒ္ဓါဝါသ ကြဉ်သော ရူပတဆဲ့တဘုံ အရူပလေးဘုံမှ။ စုတဿ၊ သော။ နရူပဓာတုံ၊ ကာမသုဂတိခုနစ်ဘုံ အရူပလေးဘုံ၌။ ။နကာမဓာတုယာ၊ အကနိဋ္ဌကြဉ်သောရူပတဆဲ့ငါးဘုံ အရူပလေးဘုံမှ။စုတဿ၊ သော။ နအရူပဓာတုံ၊ ကာမသုဂတိ ခုနစ်ဘုံ အသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံ၌။ ။နကာမဓာတုယာ၊ အသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ နအရူပဓာတုံ၊ အသညသတ် ကြဉ်သော ရူပတဆဲ့ငါးဘုံ၌။ ။နကာမဓာတုယာ၊ သုဒ္ဓါဝါသ ကြဉ်သော ရူပတဆဲ့တဘုံ အရူပလေးဘုံမှ။စုတဿ၊သော။ နရူပဓာတုံ နအရူပဓာတုံ၊ကာမသုဂတိ ခုနစ်ဘုံ၌။ ။နကာမဓာတုယာ၊ ဝေဟပ္ဖိုလ် တိုင်အောင်သော ရူပါဝစရဆယ်ဘုံ အရူပလေးဘုံမှ၊စုတဿ၊ သော။ နကာမဓာတုံ နရူပဓာတုံ၊ အရူပလေးဘုံ၌။

၃၄၅။ နရူပဓာတုယာ၊ ကာမတဆဲ့တဘုံ အရူပလေးဘုံမှ။ စုတဿ၊သော။ ကာမဓာတုံ၊ကာမတဆဲ့တဘုံ၌။ နရူပဓာတုယာ၊

ကာမသုဂတိခုနစ်ဘုံမှ။ စုတဿ၊ သော။ ရူပဓာတုံ၊ ရူပ တဆဲ့ခြောက်ဘုံ၌။ ။နရူပဓာတုယာ၊ ကာမသုဂတိခုနစ်ဘုံ အရူပလေးဘုံမှ။ စုတဿ၊ သော။ အရူပဓာတုံ၊ အရူပလေးဘုံ၌။ ။နရူပဓာတုယာ၊ ကာမသုဂတိခုနစ်ဘုံ အရူပလေးဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ၊ ရူပတဆဲ့ခြောက်ဘုံ အရူပလေးဘုံ၌။ နရူပဓာတုယာ၊ကာမတဆဲ့တဘုံ အရူပလေးဘုံမှ။စုတဿ၊သော။ နရူပဓာတုံ၊ ကာမတဆဲ့တဘုံ အရူပလေးဘုံ၌။ ။နရူပဓာတုယာ၊ကာမတဆဲ့တဘုံ အရူပလေးဘုံမှ။ စုတဿ၊ သော။ နအရူပဓာတုံ၊ကာမတဆဲ့တဘုံရူပတဆဲ့ခြောက်ဘုံ၌။ ။နရူပဓာတုယာ၊ကာမသုဂတိခုနစ်ဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ နအရူပဓာတုံ၊ ရူပတဆဲ့ ခြောက်ဘုံ၌။ ။နရူပဓာတုယာ၊ ကာမတဆဲ့တဘုံ အရူပလေးဘုံမှ။ စုတဿ၊သော။ နရူပဓာတုံ နအရူပဓာတုံ၊ကာမတဆဲ့တဘုံ၌။ ။နရူပဓာတုယာ၊ ကာမသုဂတိ ခုနစ်ဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ နရူပဓာတုံ၊ အရူပလေးဘုံ၌။ ။နရူပဓာတုမူပြီး၏။

၃၄၆။ နအရူပဓာတုယာ၊ ကာမတဆဲ့တဘုံ သုဒ္ဓါဝါသကြဉ်သော ရူပတဆဲ့တဘုံမှ။ စုတဿ၊ သော။ ကာမဓာတုံ၊ ကာမတဆဲ့တဘုံ၌။ နအရူပဓာတုယာ၊ကာမသုဂတိခုနစ်ဘုံ အသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့လေးဘုံမှ။ စုတဿ၊ သော။ ရူပဓာတုံ၊ ရူပ တဆဲ့ခြောက်ဘုံ၌။ ။နအရူပဓာတုယာ၊ ကာမသုဂတိခုနစ်ဘုံ ဝေဟပ္ဖိုလ်တိုင်အောင်သော ရူပါဝစရဆယ်ဘုံမှ။ စုတဿ၊ သော။ အရူပဓာတုံ၊ အရူပလေးဘုံ၌။ ။နအရူပဓာတုယာ၊ ကာမသုဂတိခုနစ်ဘုံ အသညသတ် အကနိဋ္ဌ ကြဉ်သော ရူပတဆဲ့လေးဘုံမှ။ စုတဿ၊ သော။ နကာမဓာတုံ၊ ရူပတဆဲ့ခြောက်ဘုံအရူပလေးဘုံ၌။ ။နရူပဓာတုယာ၊ ကာမတဆဲ့တဘုံ အရူပလေးဘုံမှ။ စုတဿ၊ သော။ နရူပဓာတုံ၊ ကာမတဆဲ့တဘုံ အရူပလေးဘုံ၌။ ။နအရူပဓာတုယာ၊ ကာမတဆဲ့တဘုံ အကနိဋ္ဌကြဉ်သော ရူပတဆဲ့ငါးဘုံမှ။ စုတဿ၊ သော။

နအရူပဓာတုံ၊ ကာမတဆဲ့တဘုံ ရူပတဆဲ့ခြောက်ဘုံ၌။ ။နအရူပဓာတုယာ၊ကာမသုဂတိခုနစ်ဘုံ အသညသတ် အကနိဋ္ဌကြဉ်သော ရူပတဆဲ့ ခလေးဘုံမှ။ စုဘဿ၊သော။ နကာမဓာတုံ နအရူပဓာတုံ၊ ရူပတဆဲ့ခြောက်ဘုံ၌။ နရူပဓာတုယာ၊ ကာမတဆဲ့တဘုံ အရူပ လေးဘုံမှ။ စုတဿ၊ သော။ နရူပဓာတုံနအရူပဓာတုံ၊ ကာမ တဆဲ့တဘုံ၌။ဤနည်းကိုမှီ၍ အကုန်ဟောလေ။ ။အနုသယ ယမက ပြီးပြီ။

ထန်းတပင်အရပ်၌ သီတင်းသုံး နေတော်မူသော နန္ဒမေဓ အမည်ရှိသော မထေရ်သည် အဆက်ဆက်သော ဆရာတို့၏ အထံမှ ဆောင်အပ်ဆုံးဖြတ်အပ်သော အဆုံးအဖြတ်ကိုသိသော တောင်ဘီလူးဆရာတော် အနန္တဓဇ မဟာရာဇဂုရု အထံတော်မှ ရအပ်သော အနုသယ ယမိုက် အနက် အဓိပ္ပါယ်အရကောက်ကို စီရင်ရေးသားအပ်သည် ပြီးပြည့်စုံပြီ။

အနုသယ ယမိုက် ပါဠိတော်နိဿယပြီး၏။

---

# စိတ္တယမက

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

## ဥဒ္ဒေသ

## ၁-သုဒ္ဓစိတ္တသာမည ၁-ပုဂ္ဂလဝါရ

အနုသယ ယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ စိတ္တယမိုက်ကို ဟောတော်မူ၏။ ထိုစိတ္တယမိုက်၌ တို့သည်လည်း ဥဒ္ဒေသ နိဒ္ဒေသ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဥဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တို့သည်လည်း သုဒ္ဓစိတ္တသာမည သုတ္တန္တစိတ္တမိဿကဝိသေသ အဘိဓမ္မ စိတ္တမိဿကဝိသေသအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် သုဒ္ဓစိတ္တ သာမညကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တို့သည်လည်း ပုဂ္ဂလဝါရ ဓမ္မဝါရ ပုဂ္ဂလဓမ္မဝါရ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ပုဂ္ဂလဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တို့သည်လည်း ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ ဥပ္ပါဒုပ္ပန္နဝါရ နိရောဓုပ္ပန္နဝါရ ဥပ္ပါဒဝါရ နိရောဓဝါရ ဥပ္ပါဒနိရောဓဝါရ ဥပ္ပဇ္ဇမာနနိရောဓဝါရ ဥပ္ပဇ္ဇမာနုပ္ပန္နဝါရ နိရုဇ္ဈမာနုပ္ပန္နဝါရ ဥပ္ပန္နုပ္ပါဒဝါရ အတီတာနာဂတဝါရ ဥပ္ပန္နုပ္ပဇ္ဇမာနဝါရ နိရုဒ္ဓနိရုဇ္ဈမာနဝါရ အတိက္ကန္တကာလဝါရအားဖြင့် တဆဲ့လေးပါးအပြားရှိ၏။

---

## ၁-ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ

ထိုတဆဲ့လေးပါးတို့တွင် ဥပ္ပါဒနိရောဓကာလသမ္ဘေဒ ဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ၌ တို့သည်လည်း အနုလုံပစ္စနိက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တို့သည်လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင်

အနုလောမပုစ္ဆာကိုရှေးဦးစွာဟောတော်မူ၏။ထို၌တုံသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်သန္နိဋ္ဌာန်ကို။၏။ ဟောဟန်ကား ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိဟူသည်တည်း။ ထိုနောင် သံယသကို ဟောတော်မူ၏။ ဟောဟန်ကား တဿစိတ္တံ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ ဟူသည်တည်း။ ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိကား သန္နိဋ္ဌာန်။ တဿ စိတ္တံ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိကား သံသယတည်း။သန္နိဋ္ဌာန် သံသယ နှစ်ပါးကို ပေါင်းသည်ရှိသော် အနုလောမ ပုစ္ဆာဖြစ်၏။ ။

အနုလောမ ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမ ပုစ္ဆာကိုဟောတော်မူ၏။ထိုပဋိလောမ၌တုံသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သန္နိဋ္ဌာန်ကိုရှေးဦးစွာဟောတော်မူ၏။ဟောဟန်ကား ယဿဝါပန စိတ္တံ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ ဟူသည်တည်း။ထိုနောင်သံသယကို ဟောတော်မူ၏။ ဟောဟန်ကား တဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ ဟူသည်တည်း။ ယဿဝါပန စိတ္တံ။လ။ သတိကား သန္နိဋ္ဌာန်။တဿ စိတ္တံ။လ။တိကား သံသယတည်း။သန္နိဋ္ဌာန် သံသယနှစ်ပါးကို ပေါင်းသည်ရှိသော် ပဋိလောမ ပုစ္ဆာဖြစ်၏။ ။အနုလောမ ပုစ္ဆာ ပဋိလောမ ပုစ္ဆာနှစ်ပါးကို ပေါင်းသည်ရှိသော် ဥပ္ပါဒ နိရောမ ကာလသမ္ဘေဒဝါရအနုလုံ တယမကဖြစ်သတည်း။

၁။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။နနိရုဇ္ဈတိ၊ ချုပ်ဆဲမဟုတ်။ တဿ၊ ထိုပုဂ္ဂိုလ်အား။ စိတ္တံ၊ စိတ်သည်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့လော။ နဥပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့လော။ ။ယဿဝါပန၊ အကြင်ပုဂ္ဂိုလ်အားကား။ စိတ္တံ၊ စိတ်သည်၊ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့။ နဥပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့။ တဿ၊ ထိုပုဂ္ဂိုလ်အား။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။ နနိရုဇ္ဈတိ၊ ချုပ်ဆဲမဟုတ်လော။ ။အနုလုံကို ဟောတော်မူသည်၏အခြားမဲ့၌ ပစ္စနိက်ကို ဟောတော်မူ၏။ ထိုပစ္စနိက်၌ တုံသည်လည်း အနုလောမပုစ္ဆာ ပဋိလောမ ပုစ္ဆာအားဖြင့် နှစ်ပါး

အပြားရှိ၏။ ထိုတွင် အနုလောမပုစ္ဆာကို ရှေးဦးစွာဟောတော်မူ၏။ ထိုအနုလောမပုစ္ဆာ၌တုံသည်လည်း သန္နိဋ္ဌာန်သံသယအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်သန္နိဋ္ဌာန်ကို ရှေးဦးစွာဟောတော်မူ၏။ ဟန်ကား ယဿ စိတ္တံ နုပ္ပဇ္ဇတိ နိရုဇ္ဈတိ ဟူသည်တည်း။ ထိုနောင် သံသယကို ဟောတော်မူ၏။ ဟန်ကား တဿ စိတ္တံ နနိရုဇ္ဈိဿတိ ဥပ္ပဇ္ဇိဿတိ ဟူသည်တည်း။ အနုလုံအတိုင်းဆို။ အနုလောမပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမပုစ္ဆာကို ဟောတော်မူ၏။ ဟောဟန်ကား။ ။ယဿဝါပန စိတ္တံ နနိရုဇ္ဈိဿတိ ဥပ္ပဇ္ဇိဿတိ။ တဿ စိတ္တံ နုပ္ပဇ္ဇတိ နိရုဇ္ဈတိ ဟူသည်တည်း။ ။အနုလောမ ပဋိလောမ နှစ်ပါးကို ပေါင်းသည်ရှိသော် ဥပ္ပါဒနိရောဓကာလ သမ္ဘေဒဝါရ ပစ္စနိက်တယမက ဖြစ်သတည်း။ ၊ယဿ၊ အား။ စိတ္တံ၊ စိတ်သည်။ နုပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်။ နိရုဇ္ဈတိ၊ ချုပ်ဆဲ။တဿ၊ ထိုပုဂ္ဂိုလ်အား။ စိတ္တံ၊ စိတ်သည်။ နနိရုဇ္ဈိဿတိ၊ မချုပ်လတ္တံ့လော။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့လော၊ ယဿဝါပန၊ ကား။ စိတ္တံ၊စိတ်သည်။ နနိရုဇ္ဈိဿတိ၊ မချုပ်လတ္တံ့။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တဿ၊ အား။ စိတ္တံ၊ စိတ်သည်။ နုပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်လော။ နိရုဇ္ဈတိ၊ ချုပ်ဆဲလော။ အနုလုံ၊ ပစ္စနိက် နှစ်ပါးကို ပေါင်းသည်ရှိသော် ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ၌ ယမကနှစ်ပါး။ ပုစ္ဆာလေးပါး။ အဋ္ဌရှစ်ပါး ဖြစ်သတည်း။

အဘယ့်ကြောင့် ဥပ္ပါဒ နိရောဓ ကာလ သမ္ဘေဒဝါရ မည်သနည်း ဟူမူကား ဥပါဒ်နှင့် ဘင်ကိုဧင်း ပစ္စုပ္ပန်ကာလနှင့် အနာဂတ် ကာလကိုဧင်း ရော၍ ဟောသောကြောင့် ဥပ္ပါဒ နိရောဓကာလသမ္ဘေဒဝါရ မည်၏။

ဥပ္ပါဒ နိရောဓကာလ သမ္ဘေဒဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပ္ပါဒုပ္ပန္နဝါရကို ဟောတော်မူ၏။ ထိုဥပ္ပါဒုပ္ပန္နဝါရ၌တုံသည်လည်း အနုလုံပစ္စနိက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အနုလုံကို ရှေးဦးစွာဟောတော်မူ၏။ ထိုအနုလုံ၌

တုံသည်လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာအားဖြင့်နှစ်ပါး အပြားရှိ၏။ ထိုတွင် အနုလောမပုစ္ဆာကို ရှေးဦးစွာဟောတော်မူ၏။ ထိုအနုလောမပုစ္ဆာ၌ တုံသည်လည်း သန္နိဋ္ဌာန် သံသယ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာဟောတော်မူ၏။ ဟောဟန်ကား ယဿ စိတ္တံ ဥပ္ပဇ္ဇတိ ဟူသည်တည်း။ ထိုနောင် သံသယကို ဟောတော်မူ၏၊ ဟောဟန် ကား တဿ စိတ္တံ ဥပ္ပဇ္ဇိဿ္သတိ ဟူသည်တည်း။ ယဿ စိတ္တံ ဥပ္ပဇ္ဇတိ ကား သန္နိဋ္ဌာန်။ တဿ စိတ္တံ ဥပ္ပဇ္ဇိဿတိကား သံသယ။ သန္နိဋ္ဌာန် သံသ ယနှစ်ပါးကို ပေါင်းသည်ရှိသော် အနုလောမ ပုစ္ဆာဖြစ်၏။ ။ ပဋိလောမကို ဟောတော်မူ၏။ စစ်မြဲ။ ဟန်ကား ယဿဝါပန စိတ္တံ ဥပ္ပဇ္ဇိဿတိ ဟူသည်တည်း။ တဿ စိတ္တံ ဥပ္ပဇ္ဇတိ ဟူသည်တည်း။ အနုလောမပုစ္ဆာ ပဋိလောမ ပုစ္ဆာနှစ်ပါးကို ပေါင်းသည်ရှိသော် ဥပ္ပါဒုပ္ပန္နဝါရ အနုလုံ-တယမကဖြစ်သတည်း။

၂။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား၊ စိတ္တံ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ အား။ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်ဆဲလော။ ။ပစ္စနိက်၌ ယဿ စိတ္တံ နုပ္ပဇ္ဇတိ ဟူသည်တည်း။ တဿ စိတ္တံ နုပ္ပဇ္ဇိဿတိ ဟူသည် တည်း။ ။ယဿဝါပန စိတ္တံ နုပ္ပဇ္ဇိဿတိ ဟူသည်တည်း။ တဿ စိတ္တံ နုပ္ပဇ္ဇတိ ဟူသည်တည်း။ အနုလောမပုစ္ဆာ ပဋိလောမ ပုစ္ဆာနှစ်ပါးကို ပေါင်းသည် ရှိသော် ဥပ္ပါဒုပ္ပန္န ဝါရ ပစ္စနိက် တယမကဖြစ်သတည်း။

ယဿ၊ အား။ စိတ္တံ၊ သည်။ နုပ္ပဇ္ဇတိ၊ မဟုတ်။ တဿ၊ အား။ စိတ္တံ၊ စိတ်သည်။ နုပ္ပဇ္ဇိဿတိ၊ ခဏတ္တယသို့ ရောက်ဆဲမဟုတ်လော။ ယဿဝါပန၊ ကား။ စိတ္တံ၊ စိတ်သည်။ နုပ္ပဇ္ဇိဿတိ၊ ခဏတ္တယသို့ ရောက်ဆဲမဟုတ်။ တဿ၊ အား။ စိတ္တံ၊ စိတ်သည်။ နုပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်လော။ ။အနုလုံ ပစ္စနိက်နှစ်ပါးကို ပေါင်းသည် ရှိသော် ဥပ္ပါဒုပ္ပန္နဝါရ၌ ယမကနှစ်ပါး။ ပုစ္ဆာလေးပါး။ အတ္ထ ရှစ်ပါးဖြစ်သတည်း။

## ၃-နိရောဓုပ္ပန္နဝါရ

ဥပ္ပါဒုပ္ပန္နဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ နိရောဓုပ္ပန္နဝါရကို ဟောတော်မူ၏၊ ထို၌တုံသည်လည်း အနုလုံ ပစ္စနိက် အားဖြင့်နှစ်ပါးအပြားရှိ၏။ထိုတွင်အနုလုံကိုရှေးဦးစွာဟောတော်မူ၏။ စိတ်မြဲ။ ဟန်ကား ယဿ စိတ္တံ နိရုဇ္ဈတိကား သန္နိဋ္ဌာန်။ တဿ စိတ္တံ ဥပ္ပန္နံကား သံသယ။ ။ပဋိလောမကို ဟောတော်မူ၏။ စိတ်မြဲ။ ဟန်ကား ယဿဝါပန စိတ္တံ ဥပ္ပန္နံကား သန္နိဋ္ဌာန်။ တဿ စိတ္တံ နိရုဇ္ဈတိကား သံသယ။ပေါင်းလေ။ ။ပစ္စနိက်ကား ယဿ စိတ္တံ နနိရုဇ္ဈတိ။တဿ စိတ္တံ နဥပ္ပန္နံ။ ။အနုလောမ။ ။ ယဿဝါပန စိတ္တံ နဥပ္ပန္နံ။ တဿ စိတ္တံ နနိရုဇ္ဈတိ။ ။ပဋိလောမ ပေါင်းလေ။ ။နိရောဓုပ္ပန္နဝါရပြီး၏။

---

## ၄-ဥပ္ပါဒဝါရ

နိရောဓုပ္ပန္နဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပ္ပါဒဝါရကို ဟောတော်မူ၏။ ထို၌တုံသည်လည်း ပစ္စုပ္ပန္နာတီတဝါရ ပစ္စုပ္ပန္နာနာဂတဝါရ အတီတာနာဂတဝါရအားဖြင့် သုံးပါး ရှိ၏။ ထိုတွင် ပစ္စုပ္ပန္နာတီတဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ စိတ်မြဲ။ ယဿ စိတ္တံ ဥပ္ပဇ္ဇတိ။တဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ။ ။အနုလောမ။ ယဿဝါပန စိတ္တံနဥပ္ပဇ္ဇိတ္ထ။ တဿစိတ္တံဥပ္ပဇ္ဇတိ။ ။ပဋိလောမ။ အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာနှစ်ပါးကို ပေါင်းသည်ရှိသော် ပစ္စုပ္ပန္နာတီတဝါရ၌ အနုလုံ တယမကဖြစ်သတည်း။ ။ပစ္စနိက်၌ ယဿ စိတ္တံ နဥပ္ပဇ္ဇတိ။ တဿ စိတ္တံ နဥပ္ပဇ္ဇိတ္ထ။ ။အနုလောမ။ ယဿဝါပန စိတ္တံ နဥပ္ပဇ္ဇိတ္ထ။ တဿ စိတ္တံ နဥပ္ပဇ္ဇတိ။ ။ပဋိလောမပေါင်းလေ။ ။ဤသို့လျှင် ပစ္စုပ္ပန္နာတီတဝါရ၌ ယမကနှစ်ပါး။ ပုစ္ဆာလေးပါး။ အတ္ထရှစ်ပါးဖြစ်သတည်း။ ။ပစ္စုပ္ပန္နာတီတဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စုပ္ပန္နာနာဂတဝါရကိုဟောတော်မူ၏။စိတ်မြဲ။ ။ယဿ စိတ္တံ ဥပ္ပဇ္ဇတိ။တဿ စိတ္တံ

ဥပ္ပဇ္ဇိဿတိ။ ။အနုလောမ။ ။ယဿဝါပန စိတ္တံ ဥပ္ပဇ္ဇိဿတိ။တဿ စိတ္တံ ဥပ္ပဇ္ဇတိ။ပဋိလောမပေါင်းလေ။ ။ပစ္စနိက်၌ ယဿ စိတ္တံ နဥပ္ပဇ္ဇတိ။ လ။တဿ စိတ္တံ နဥပ္ပဇ္ဇိဿတိ။ ။အနုလောမ။ ။ယဿဝါ ပန စိတ္တံနဥပ္ပဇ္ဇိဿတိ။ တဿ စိတ္တံ နဥပ္ပဇ္ဇတိ။ ။ပဋိလောမပေါင်း လေ။ အတီတာ နာဂတဝါရ၌ ယဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ။တဿ စိတ္တံ ဥပ္ပဇ္ဇိဿတိ။ ။အနုလောမ။ ။ယဿဝါပန စိတ္တံ ဥပ္ပဇ္ဇိဿတိ။ တဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ။ ။ပဋိလောမ။ ။အနုလုံ။ ။ပစ္စနိက်၌ ယဿ စိတ္တံ နဥပ္ပဇ္ဇိတ္ထ။ တဿ စိတ္တံ နဥပ္ပဇ္ဇိဿတိ။ ။အနုလောမ။ ယဿဝါပနစိတ္တံနဥပ္ပဇ္ဇိဿတိ။တဿ စိတ္တံ နဥပ္ပဇ္ဇိတ္ထ။ ။ပဋိလောမ။ ဤသို့လျှင် အတီတာနာဂတဝါရ၌ ယမကနှစ်ပါး။ပုဂ္ဂလလေးပါး။ အဋ္ဌရှစ်ပါးဖြစ်သတည်း။ ။ဥပ္ပါဒဝါရပြီး၏။

---

## ၅-နိရောဓဝါရ

ဥပ္ပါဒဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ နိရောဓဝါရကို ဟောတော် မူ၏။ ထိုနိရောဓဝါရ၌ တုံသည်လည်း ပစ္စုပ္ပန္နာ တီတဝါရ ပစ္စုပ္ပန္နာ နာဂတဝါရ အတီတာ နာဂတ ဝါရ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ပစ္စုပ္ပန္နာ တီတဝါရကို ရှေးဦးစွာဟောတော်မူ၏။ စင်မြဲ။ ဟောဟန်ကား ယဿ စိတ္တံ နိရုဇ္ဈတိ။ တဿ စိတ္တံ နိရုဇ္ဈိတ္ထ။ ။ယဿဝါပန စိတ္တံ နိရုဇ္ဈိတ္ထ။ တဿ စိတ္တံ နိရုဇ္ဈတိ။ ။အနုလုံ။ ။ယဿ စိတ္တံ နနိရုဇ္ဈတိ။ တဿ စိတ္တံနနိရုဇ္ဈိတ္ထ။ ။ယဿဝါ ပန စိတ္တံ နနိရုဇ္ဈိတ္ထ။ တဿ စိတ္တံ နနိရုဇ္ဈတိ၊ ။ပစ္စနိက်ပေါင်းလေ။ ။ယဿ စိတ္တံ နိရုဇ္ဈတိ။ တဿ စိတ္တံ နိရုဇ္ဈိဿတိ။ ။ယဿဝါပန စိတ္တံ နိရုဇ္ဈိဿတိ။ တဿ စိတ္တံ နိရုဇ္ဈတိ။ ။အနုလုံ။ ။ယဿ စိတ္တံနနိရုဇ္ဈတိ။ တဿ စိတ္တံ နနိရုဇ္ဈိဿတိ။ ။ယဿဝါပန စိတ္တံ နနိရုဇ္ဈိဿတိ။ တဿ စိတ္တံ နနိရုဇ္ဈတိ။ ။ပစ္စနိက်။ ။ယဿ စိတ္တံ နိရုဇ္ဈိတ္ထ။ တဿစိတ္တံ နနိရုဇ္ဈိဿတိ။ ယဿဝါပန စိတ္တံ နိရုဇ္ဈိဿတိ။ တဿ

စိတ္တံ နိရုဇ္ဈိဿတိ။ ။အနုလုံ။ ယဿ စိတ္တံ နနိရုဇ္ဈိဿတိ။ တဿစိတ္တံ နနိရုဇ္ဈိဿတိ။ ။ယဿဝါပန စိတ္တံ နိရုဇ္ဈိဿတိ။ တဿ စိတ္တံ နနိရုဇ္ဈိဿတိ။ ။နိရောဓဝါရပြီး၏။

## ၆-ဥပ္ပါဒ နိရောဓဝါရ

နိရောဓဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပ္ပါဒ နိရောဓဝါရကို ဟောတော်မူ၏။ ထို၌တုံသည်လည်း ပစ္စုပ္ပန္နာ တီတဝါရ ပစ္စုပ္ပန္နာနာဂတဝါရ အတီတာနာဂတဝါရ အားဖြင့် သုံးပါးအပြားရှိ၏။ စဉ်မြဲ။ ။ယဿ စိတ္တံ ဥပ္ပဇ္ဇတိ။ တဿ စိတ္တံ နိရုဇ္ဈိတ္ထ။ ။ယဿဝါပန စိတ္တံ နိရုဇ္ဈိတ္ထ။ တဿ စိတ္တံ ဥပ္ပဇ္ဇတိ။ အနုလုံ။ ။ယဿ စိတ္တံ နဥပ္ပဇ္ဇတိ။ တဿ စိတ္တံ နနိရုဇ္ဈိတ္ထ။ ယဿဝါပန စိတ္တံ နနိရုဇ္ဈိတ္ထ။ တဿ စိတ္တံ နဥပ္ပဇ္ဇတိ။ ပစ္စနိက်။ ယဿ စိတ္တံ ဥပ္ပဇ္ဇတိ။ တဿစိတ္တံ နိရုဇ္ဈိဿတိ။ ။ယဿဝါပန စိတ္တံ နိရုဇ္ဈိဿတိ။ တဿ စိတ္တံဥပ္ပဇ္ဇတိ။ အနုလုံ။ ။ယဿ စိတ္တံ နဥပ္ပဇ္ဇတိ။ တဿ စိတ္တံ နနိရုဇ္ဈိဿတိ။ ယဿဝါပန စိတ္တံ နနိရုဇ္ဈိဿတိ။ တဿ စိတ္တံ နဥပ္ပဇ္ဇတိ။ ပစ္စနိက်။ ယဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ။တဿ စိတ္တံ နိရုဇ္ဈိဿတိ။ ။ယဿဝါပန စိတ္တံနိရုဇ္ဈိဿတိ။ တဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ။ အနုလုံ။ ။ယဿ စိတ္တံ နဥပ္ပဇ္ဇိတ္ထ။ တဿ စိတ္တံ နနိရုဇ္ဈိဿတိ။ ယဿဝါပန စိတ္တံ နနိရုဇ္ဈိဿတိ။ တဿ စိတ္တံ နဥပ္ပဇ္ဇိတ္ထ။ ။ပစ္စနိက်။ ။ဥပ္ပါဒနိရောဓဝါရပြီး၏။

## ၇-ဥပ္ပဇ္ဇမာန နိရောဓဝါရ

ဥပ္ပါဒနိရောဓဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပ္ပဇ္ဇ မာနနိရောဓဝါရကို ဟောတော်မူ၏။ ထို၌တုံသည်လည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါး အပြားရှိ၏။ စဉ်မြဲ။ ဟောဟန်ကား ယဿ စိတ္တံ ဥပ္ပဇ္ဇတိ။ တဿစိတ္တံ နနိရုဇ္ဈတိ။ ။ယဿဝါပန စိတ္တံ နနိရုဇ္ဈတိ။ တဿ စိတ္တံ ဥပ္ပဇ္ဇတိ။ ။အနုလုံ။ ။ယဿ စိတ္တံ

နဥပ္ပဇ္ဇတိ။ တဿ စိတ္တံ နိရုဇ္ဈတိ။ ။ယဿဝါပန စိတ္တံ နိရုဇ္ဈတိ။ တဿ စိတ္တံ နဥပ္ပဇ္ဇတိ။ ။ပစ္စနိက်။ ။ဥပ္ပဇ္ဇမာန နိရောဓဝါရ ပြီး၏။

## ၈-ဥပ္ပဇ္ဇမာနုပ္ပန္နဝါရ

ဥပ္ပဇ္ဇမာန နိရောဓဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပ္ပဇ္ဇမာနုပ္ပန္နဝါရကို ဟောတော်မူ၏။ ထို၌တုံသည်လည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါး အပြားရှိ၏။ စင်မြ။ ။ယဿ စိတ္တံ ဥပ္ပဇ္ဇမာနံ၊ တဿ စိတ္တံ ဥပ္ပန္နံ။ ။ယဿဝါပန စိတ္တံဥပ္ပန္နံ။ တဿ စိတ္တံ ဥပ္ပဇ္ဇမာနံ။ ။ပေါင်းလေ။ ။ယဿ၊ အကြင် ပုဂ္ဂိုလ်အား။ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ဆဲ။ တဿ၊ အား။ စိတ္တံ၊ သည်။ ဥပ္ပန္နံ၊ ခဏတ္တယသို့ ရောက်ဆဲလော။ ။ယဿဝါပန၊အား။ စိတ္တံ၊သည်။ ဥပ္ပန္နံ၊ ခဏတ္တယသို့ ရောက်ဆဲ။ တဿ၊အား။ စိတ္တံ၊သည်။ ဥပ္ပဇ္ဇမာနံ၊ဖြစ်ဆဲလော။ ။အနုလုံကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စနိက်ကို ဟောတော်မူ၏။ စင်မြ။ ။ယဿ စိတ္တံ နဥပ္ပဇ္ဇမာနံ၊ တဿ စိတ္တံ နဥပ္ပန္နံ။ ။ယဿဝါပန စိတ္တံ နဥပ္ပန္နံ။ တဿ စိတ္တံ နဥပ္ပဇ္ဇမာနံ၊ ။ပစ္စနိက်။ ။ပေါင်းလေ။ ။ဥပ္ပဇ္ဇမာ နုပ္ပန္နဝါရပြီး၏။

## ၉-နိရုဇ္ဈမာနုပ္ပန္နဝါရ

ဥပ္ပဇ္ဇမာနုပ္ပန္နဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ နိရုဇ္ဈမာနုပ္ပန္နဝါရကို ဟောတော်မူ၏။ ထို၌ တုံသည်လည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါး အပြားရှိ၏။ စင်မြ။ ဟန်ကား။ ယဿ စိတ္တံ နိရုဇ္ဈမာနံ။ တဿ စိတ္တံ ဥပ္ပန္နံ။ ။ယဿဝါပန စိတ္တံ ဥပ္ပန္နံ။ တဿ စိတ္တံ နိရုဇ္ဈမာနံ။ ။အနုလုံ။ ။ယဿ စိတ္တံ နနိရုဇ္ဈမာနံ။ တဿ စိတ္တံ နဥပ္ပန္နံ။ ။ယဿဝါပန စိတ္တံ နဥပ္ပန္နံ။ တဿစိတ္တံ နနိရုဇ္ဈမာနံ။ ။ပစ္စနိက်ပြီး၏။ ။နိရုဇ္ဈမာနုပ္ပန္နဝါရပြီး၏။

## ၁၀—ဥပ္ပန္နုပ္ပါဒဝါရ

နိရုဒ္ဓမာနုပ္ပန္နဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပ္ပန္နုပ္ပါဒဝါရကို ဟောတော်မူ၏။ ထို၌တုံသည်လည်း အတိတ်ကာလ အနာဂတ်ကာလ၏အစွမ်းဖြင့် အနုလုံနှစ်ယမကပစ္စနိက်နှစ်ယမက ဟူ၍ လေးပါးအပြားရှိ၏။ထိုလေးပါးတို့တွင် အနုလုံနှစ်ယမကကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလုံနှစ်ယမက၌ တုံသည်လည်း ပစ္စုပ္ပန္နာ တီတဝါရ ပစ္စုပ္ပန္နာနာဂတဝါရအားဖြင့် နှစ်ပါးအပြား ရှိ၏၊ ထိုတွင်ပစ္စုပ္ပန္နာ တီတဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တုံသည်လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာအားဖြင့် နှစ်ပါးအပြားရှိ၏။ စစ်မြ။ ဟန်ကား။ ယဿ စိတ္တံ ဥပ္ပန္နံ။ တဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ။ယဿဝါပန စိတ္တံ ဥပ္ပဇ္ဇိတ္ထ။ တဿ စိတ္တံ ဥပ္ပန္နံ။ ပေါင်းလေ။

ပစ္စုပ္ပန္နာတီတဝါရ အနုလုံကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စုပ္ပန္နာနာဂတဝါရ အနုလုံကို ဟောတော်မူ၏။ထိုပစ္စုပ္ပန္နာနာဂတဝါရ အနုလုံ၌တုံသည်လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ သန္နိဋ္ဌာန် သံသယနှစ်ပါးစီ။ ဟောဟန်ကား ယဿ စိတ္တံ ဥပ္ပန္နံ။ တဿ စိတ္တံ ဥပ္ပဇ္ဇိဿတိ။ ။ယဿဝါပန စိတ္တံ ဥပ္ပဇ္ဇိဿတိ။ တဿ စိတ္တံ ဥပ္ပန္နံ။ ။ပေါင်းလေ။ အနုလုံနှစ်ယမကကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စနိက်နှစ်ယမကကို ဟောတော်မူ၏။စစ်မြ။ ။ယဿ စိတ္တံ နဥပ္ပန္နံ။တဿ စိတ္တံ နဥပ္ပဇ္ဇိတ္ထ။ ။ယဿဝါပန စိတ္တံ နဥပ္ပဇ္ဇိတ္ထ။ တဿ စိတ္တံ နဥပ္ပန္နံ။ ။ပေါင်းလေ။

ပစ္စုပ္ပန္နာတီတဝါရ ပစ္စနိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ပစ္စုပ္ပန္နာ နာဂတဝါရ ပစ္စနိက်ကို ဟောတော်မူ၏။ စစ်မြ။ ယဿ စိတ္တံ နဥပ္ပန္နံ။ တဿ စိတ္တံ နဥပ္ပဇ္ဇိဿတိ။ ။ယဿဝါပန စိတ္တံ နဥပ္ပဇ္ဇိဿတိ။ တဿ စိတ္တံ နဥပ္ပန္နံ။ ။ဤသို့လျှင် အတိတ် အနာဂတ် ဟူသော ကာလနှစ်ပါး၌ အသီးအသီးရသင့် သည်ကို ပေါင်း၍ ယမကလေးပါး။ ပုစ္ဆာရှစ်ပါး။ အတ္တတဆဲ့ခြောက်ပါး [illegible]

## ၁၁-အတီတာ နာဂတဝါရ

ဥပ္ပန္နုပ္ပါဒဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ အတီတာ နာဂတဝါရကို ဟောတော်မူ၏။ ထိုအတီတာနာဂတဝါရ၌ တုံ သည်လည်း စစ်မြဲ။ ယဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ။ နော စ တဿ စိတ္တံ ဥပ္ပဇ္ဇိဿတိ။သံသယ။ ။ယဿ ဝါပန စိတ္တံ ဥပ္ပဇ္ဇိဿတိ။နော စ တဿစိတ္တံ ဥပ္ပန္နံ။ သန္နိဋ္ဌာန်။ ။ တဿ စိတ္တံဥပ္ပဇ္ဇိတ္ထ။သံသယ။ ။ပေါင်းလေ။ ။ယဿ၊အား။ စိတ္တံ၊ သည်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဘူးပြီ။ တဿ၊ အား။ စိတ္တံ၊သည်။ နော စဥပ္ပန္နံ၊ ခဏတ္တယသို့ ရောက်ဆဲမဟုတ်။ တဿ၊ထိုပုဂ္ဂိုလ် အား။ စိတ္တံ၊သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့လော။ ။ယဿဝါ ပန၊ အား။ စိတ္တံ သည်။ ဥပ္ပဇ္ဇိဿတိ၊ လတ္တံ့။ တဿ၊ အား။ စိတ္တံ၊စိတ်သည်။ နော စဥပ္ပန္နံ၊ မဟုတ်။ တဿ၊အား။ စိတ္တံ၊သည်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဘူးပြီးလော။ ။အနုလုံပြီး၏။ ။ယဿ စိတ္တံ နဥပ္ပဇ္ဇိတ္ထ နော စ တဿစိတ္တံ ဥပ္ပန္နံ။ တဿ စိတ္တံ နဥပ္ပဇ္ဇိဿတိ။ ယဿဝါပန စိတ္တံ နဥပ္ပဇ္ဇိဿတိ။ နော စ တဿ စိတ္တံနဥပ္ပန္နံ။ တဿ စိတ္တံ နဥပ္ပဇ္ဇိတ္ထ၊ ။ပစ္စနိက်ပြီး၏။ ။အတီတာနာဂတ ဝါရပြီး၏။

---

## ၁၂-ဥပ္ပန္နုပ္ပန္နမာနဝါရ

အတီတာ နာဂတဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပ္ပန္နုပ္ပန္နမာနဝါရအနုလုံကို ဟောတော်မူ၏။ ထိုဥပ္ပန္နုပ္ပန္နမာန ဝါရ အနုလုံ၌ တုံသည်လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ အားဖြင့် နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် အနုလောမပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလောမပုစ္ဆာ၌ တုံသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး အပြားရှိ၏။ ဟန်ကား ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံ၊ ။ဥပ္ပဇ္ဇမာနံ ဥပ္ပန္နံတည်း။ ။ပေါင်းလေ။ ။ ဥပ္ပန္နံ၊ခဏတ္တယသို့ရောက်ဆဲ။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ဆဲလော။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ဆဲ၊ ဥပ္ပန္နံ၊ ခဏတ္တယသို့ရောက်ဆဲလော။

## ၁၃–နိရုဒ္ဓ နိရုဇ္ဈမာနဝါရ

ဥပ္ပန္နုပ္ပဇ္ဇမာနဝါရ အနုလုံကို ဟောတော်မူသည်၏ အခြားမဲ့၌ နိရုဒ္ဓနိရုဇ္ဈမာနဝါရ အနုလုံကို ဟောတော်မူ၏။ စစ်မြ။ နိရုဒ္ဓံ နိရုဇ္ဈမာနံ နိရုဇ္ဈမာနံ နိရုဒ္ဓံတည်း။ ။ပေါင်းလေ။ ။နိရုဒ္ဓံ၊ ချုပ်ပြီ။ နိရုဇ္ဈမာနံ၊ ချုပ်ဆဲလော။ ။နိရုဇ္ဈမာနံ၊ ချုပ်ဆဲ။နိရုဒ္ဓံ၊ ချုပ်ပြီလော။ ။နိရုဒ္ဓ နိရုဇ္ဈမာနဝါရ အနုလုံပြီး၏။

နိရုဒ္ဓနိရုဇ္ဈမာနဝါရအနုလုံကို ဟောတော်မူသည်၏ အခြားမဲ့၌ ဥပ္ပန္နုပ္ပဇ္ဇမာနဝါရပစ္စနိက်ကိုဟောတော်မူ၏။စစ်မြ။။နဥပ္ပန္နံနဥပ္ပဇ္ဇမာနံ။နဥပ္ပဇ္ဇမာနံနဥပ္ပန္နံ။။ဥပ္ပန္နုပ္ပဇ္ဇမာနဝါရပစ္စနိက်ကိုဟောတော်မူသည်၏ အခြားမဲ့၌ နိရုဒ္ဓနိရုဇ္ဈမာနဝါရ ပစ္စနိက်ကိုဟောတော်မူ၏။စစ်မြ။ ။နနိရုဒ္ဓံ။ နနိရုဇ္ဈမာနံ။ နနိရုဇ္ဈမာနံ။ နနိရုဒ္ဓံ။ပစ္စနိက်ပြီး၏။

ဤသို့လျှင် ဥပ္ပန္နုပ္ပဇ္ဇမာနဝါရ နိရုဒ္ဓနိရုဇ္ဈမာနဝါရ အသီးအသီး ရသင့်သည်ကိုပေါင်း၍ ယမကလေးပါး။ ပုစ္ဆာရှစ်ပါး။ အဖြေတဆဲ့ခြောက်ပါး ဖြစ်သတည်း။

---

## ၁၄–အတိက္ကန္တကာလဝါရ

နိရုဒ္ဓ နိရုဇ္ဈမာန ဝါရကိုဟောတော်မူသည်၏ အခြားမဲ့၌ အတိက္ကန္တဝါရကိုဟောတော်မူ၏။ စစ်မြ။ဟောဟန်ကား ယဿ စိတ္တံ ဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တ ကာလံ -ကား သန္နိဋ္ဌာန်၊ နိရုဇ္ဈမာနံ ခဏံခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ တဿစိတ္တံ–ကား သံသယ။ ယဿဝါပန စိတ္တံ နိရုဇ္ဈမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ–ကား သန္နိဋ္ဌာန်။ ။ဥပ္ပဇ္ဇမာနံ ခဏံခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ တဿစိတ္တံကား သံသယ။ ပေါင်းလေ။

၆၀။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ စိတ္တံ၊ စိတ်သည်။ဥပ္ပဇ္ဇမာနံ၊ ဖြစ်ဆဲသော။ ခဏံ၊ ဥပ္ပါဒက္ခဏကို။ ခဏံ၊ မမြင့်မီ။ တနည်း၊ ခဏံ၊ မကြာမီ။ တနည်း။ ခဏံ၊ ဖြုတ်ခြည်း။တနည်းကား။ခဏံ၊

ဟုတ်ခြည်း။ ဝိတိက္ကန္တံ၊ လွန်သည်ဖြစ်၍။အတိက္ကန္တကာလံ၊ လွန်သောကာလရှိသည်။ ဟောတိ၊၏။တဿ၊ ထိုပုဂ္ဂိုလ်အား။ စိတ္တံ၊ စိတ်သည်။ နိရုဇ္ဈမာနံ၊ ချုပ်ဆဲသော။ ခဏံ၊ ဘင်္ဂက္ခဏကို။ ခဏံ၊ မဖြင့်မီ။ တနည်းကား။ ခဏံ၊ မကြွာမီ၊ ဝိတိက္ကန္တံ၊ လွန်သည် ဖြစ်၍။ အတိက္ကန္တကာလံ၊ လွန်သောကာလ ရှိသလော။ ။ယဿ ဝါပန၊အား။ စိတ္တံ၊ သည်။ နိရုဇ္ဈမာနံ၊ ချုပ်ဆဲသော။ခဏံ၊ဘင်္ဂက္ခဏကို။ ခဏံ၊ မဖြင့်မီ။ တနည်း။ ခဏံ၊ မကြွာမီ။ ဝိတိက္ကန္တံ၊ လွန်သည် ဖြစ်၍။ အတိက္ကန္တ ကာလံ၊ လွန်သော ကာလ ရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ အား။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်ဆဲသော။ ခဏံ၊ ဥပ္ပါဒက္ခဏကို။ ခဏံ၊ မဖြင့်မီ။တနည်း၊ခဏံ၊ မကြွာမီ။ တနည်း၊ ခဏံ၊ဖြုတ်ခြည်း။ တနည်း၊ ခဏံ၊ဟုတ်ခြည်း။ ဝိတိက္ကန္တံ၊ လွန်သည်ဖြစ်၍။ အတိက္ကန္တကာလံ၊ လွန်သောကာလ ရှိသလော။ ။ပေါင်းလေ။ ။ယဿ စိတ္တံ နုဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝိတိက္ကန္တံ အတိက္ကန္တကာလံ၊ နနိရုဇ္ဈမာနံ ခဏံ ခဏံ ဝိတိက္ကန္တံ အတိက္ကန္တကာလံ တဿ စိတ္တံ။ ။ယဿ ဝါပန စိတ္တံ နနိရုဇ္ဈမာနံ ခဏံ ခဏံ ဝိတိက္ကန္တံ အတိက္ကန္တကာလံ။ ။နုဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝိတိက္ကန္တံ အတိက္ကန္တကာလံ တဿ စိတ္တံ။ ။ပစ္စနိက် ပြီး၏။ ဤသို့လျှင် အတိက္ကန္တကာလ ဝါရ၌ ယမကနှစ်ပါး ပုစ္ဆာလေးပါး ဖြစ်သတည်း။ ။ဤသို့လျှင် ပုဂ္ဂလဝါရ၌ ဝါရငယ် တဆဲ့လေးပါး ယမက လေးဆဲ့နှစ်ပါး ပုစ္ဆာ ရှစ်ဆဲ့လေးပါး အဋ္ဌတရာ့ခြောက်ဆဲ့ရှစ်ပါး ဖြစ်သတည်း

## ၂-ဓမ္မဝါရ

ထိုနောင်ဓမ္မဝါရကိုဟောတော်မူ၏။ထိုဓမ္မဝါရ၌တုံသည်လည်း ပုဂ္ဂလဝါရအတိုင်း ဆိုလေ။ ။ဤသို့လျှင် ဓမ္မဝါရ၌ ဝါရငယ်တဆဲ့လေးပါး ယမက လေးဆဲ့နှစ်ပါး ပုစ္ဆာရှစ်ဆဲ့လေးပါး အဋ္ဌ တရာ့ခြောက်ဆဲ့ရှစ်ပါး ဖြစ်သတည်း။

## ၃-ပုဂ္ဂလဓမ္မဝါရ

ပုဂ္ဂလဓမ္မဝါရ၌လည်း ဤနည်း အတူ ဖြစ်သတည်း။ ။ဤသို့လျှင်သုဒ္ဓစိတ္တသာမညာ၌ ဝါရကြီး သုံးပါး ဝါရငယ် လေးဆဲ့နှစ်ပါး ယမက တရာ့နှစ်ဆဲ့ ခြောက်ပါး ပုစ္ဆာ နှစ်ရာ့ငါးဆဲ့နှစ်ပါး အဖြေ ငါးရာ့လေးပါး ဖြစ်သတည်း။ ။ဒွေပညာသ အမိကာနိ၊ ဒွေပုစ္ဆာသတာနိစ ။ သုဒ္ဓိကေ စိတ္တယမကေ၊ ဝါရေ ဘဝန္တိ သဗ္ဗာတော။ သုဒ္ဓစိတ္တသာမညာ ပြီး၏။

---

## ၂-သုဒ္ဓန္တိ စိတ္တမိဿကဝိသေသ

သုဒ္ဓစိတ္တသာမညာကို ဟောတော်မူသည်၏ အခြားမဲ့၌ သုဒ္ဓန္တိ စိတ္တမိဿကဝိသေသကိုဟောတော်မူ၏။ ထို၌တုံသည်လည်းသရာဂပဒမိဿက ဝိတရာဂ ပဒမိဿက သဒေါသပဒမိဿက ဝိတဒေါသပဒမိဿက သမောဟပဒမိဿက ဝိတမောဟပဒမိဿက သံခိတ္တပဒမိဿက ဝိက္ခိတ္တပဒမိဿက မဟဂ္ဂတပဒ မိဿကအမဟဂ္ဂတပဒမိဿက သဉတ္တရပဒမိဿက အနုတ္တရပဒမိဿက သမာဟိတပဒမိဿက အသမာဟိတ ပဒမိဿက ဝိမုတ္တပဒမိဿက အဝိမုတ္တပဒမိဿက အားဖြင့် တဆဲ့ခြောက်ပါး အပြားရှိ၏။ ထိုတွင် သရာဂပဒမိဿကကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသရာဂပဒမိဿက၌ တုံသည်လည်း ပုဂ္ဂလဝါရ ဓမ္မဝါရ ပုဂ္ဂလဓမ္မဝါရ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ပုဂ္ဂလဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသည်လည်း ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ အစရှိသောအားဖြင့် တဆဲ့လေးပါး အပြားရှိ၏။ ထိုတွင် ဥပ္ပါဒနိရောဓ ကာလသမ္ဘေဒဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသည်လည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်. အနုလုံကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား ယဿ သရာဂံ စိတ္တံ ဥပ္ပဇ္ဇတိ။ နနိရုဇ္ဈတိ။ တဿ သရာဂံစိတ္တံ နိရုဇ္ဈိဿတိ။ဥပ္ပဇ္ဇိဿတိ။ ။ယဿဝါ ပန သရာဂံစိတ္တံ နိရုဇ္ဈိဿတိ။ န ဥပ္ပဇ္ဇိဿတိ။ တဿ သရာဂံ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဇတိ၊

ဟူသည်တည်း။ ။အနုလုံကို ဟောတော်မူသည်၏ အခြားမဲ့၌
ပစ္စနိက်ကို ဟောတော်မူ၏။ ဟောဟန်ကား ယဿ သရာဂံ
စိတ္တံ နဥပ္ပဇ္ဇတိ နိရုဇ္ဈတိ။ တဿ သရာဂံ စိတ္တံ နနိရုဇ္ဈိဿတိ
ဥပ္ပဇ္ဇိဿတိ။ တဿ သရာဂံ စိတ္တံ နဥပ္ပဇ္ဇတိ နိရုဇ္ဈတိဟူသည်
တည်း။ ။ဤသို့လျှင် ဥပ္ပါဒနိရောဓ ကာလသမ္ဘေဒဝါရ၌ ယမက
နှစ်ပါး။ ပုစ္ဆာလေးပါး။ အတ္ထရှစ်ပါးဖြစ်သတည်း။ ။ဤနည်း
အတူ ဥပ္ပါဒုပ္ပန္နဝါရ အစရှိသော တဆဲ့သုံးဝါရတို့ကို ဟောလေ။
ဤသို့လျှင် ပုဂ္ဂလဝါရ၌ ဝါရငယ်တဆဲ့လေးပါး ယမက လေးဆဲ့
နှစ်ပါး။ ပုစ္ဆာရှစ်ဆဲ့လေးပါး။ အတ္ထတရာ့ခြောက်ဆဲ့ရှစ်ပါးဖြစ်
သတည်း။ ဓမ္မဝါရ၌လည်း ထိုအတူဖြစ်၏။ ။ဤသို့လျှင် သရာဂ
ပဒမိဿက၌ ဝါရကြီးသုံးပါး။ ဝါရငယ်လေးဆဲ့နှစ်ပါး။ ယမက
တရာ့နှစ်ဆဲ့ခြောက်ပါး။ ပုစ္ဆာနှစ်ရာ့ငါးဆဲ့နှစ်ပါး။ အတ္ထငါးရာ့
လေးပါး ဖြစ်သတည်း။ ။ဤအတူ ဝီတရာဂပဒ မိဿက အစရှိ
သည်တို့၌လည်း အသီးအသီးဖြစ်ကုန်၏။ ။ဤသို့လျှင် သုတ္တန္တ
စိတ္တမိဿကဝိသေသ၌ ပဒတဆဲ့ခြောက်ပါး။ ဝါရကြီး လေးဆဲ့
ရှစ်ပါး။ ဝါရငယ်ခြောက်ရာနှစ်ဆဲ့နှစ်ပါး။ ယမက နှစ်ထောင့်
တဆဲ့ခြောက်ပါး။ပုစ္ဆာလေးထောင့်သုံးဆဲ့နှစ်ပါး။အတ္ထရှစ်ထောင့်
ခြောက်ဆဲ့ခြောက်ပါး ဖြစ်သတည်း။ ။ဒွတ္တိံသ ပုစ္ဆာဝိကာနိ။
စတ္တာရိသဟဿာနိစ။ သရာဂါဒိမိဿကမှိ။ ဝါရေဘာဝန္တိ သဗ္ဗာ
တော။ ။လောဘမူစိတ္တုပ္ပါဒ်သည် သရာဂမည်၏။ လောဘမူ
စိတ္တုပ္ပါဒ်မှတပါး ရှစ်ဆဲ့တပါးသော စိတ္တုပ္ပါဒ်သည် ဝီတရာဂ
မည်၏။ဒေါသမူစိတ္တုပ္ပါဒ်သည်သဒေါသမည်၏။ ဒေါသမူစိတ္တုပ္ပါဒ်
မှတပါး ရှစ်ဆဲ့ခုနစ်ခုသော စိတ္တုပ္ပါဒ်သည် ဝီတဒေါသမည်၏။
မောဟမူစိတ္တုပ္ပါဒ်သည် သမောဟမည်၏။ မောဟမူ စိတ္တုပ္ပါဒ်မှ
တပါး ရှစ်ဆဲ့ခုနစ်ခုသော စိတ္တုပ္ပါဒ်သည် ဝီတမောဟမည်၏။
ဥဒ္ဓစ္စသမ္ပယုတ် စိတ္တုပ္ပါဒ်သည် သံခိတ္တမည်၏။ ထိုမှကြွင်းသော
ရှစ်ဆဲ့ရှစ်ခုသော စိတ္တုပ္ပါဒ်သည် ဝိက္ခိတ္တမည်၏။ မဟဂ္ဂုတ်သတ္တဝိ
သသည် မဟဂ္ဂတမည်၏။ ထိုမှကြွင်းသော စိတ်ခြောက်ဆဲ့နှစ်မှ

သည် အမဟဂ္ဂတမည်၏။ လောကီစိတ် ရှစ်ဆဲ့တခုသည် သဉတ္တရ မည်၏။ လောကုတ္တရာစိတ် ရှစ်ခုသည် အနုတ္တရ မည်၏။ မဟဂ္ဂုတ်လောကုတ္တရာစိတ်သည် သမာဟိတမည်၏။ ကာမစိတ်သည် အသမာဟိတ မည်၏။ လောကုတ္တရာစိတ်သည် ဝိမုတ္တ မည်၏။ လောကီစိတ်သည် အဝိမုတ္တမည်၏။ ။မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ ဝိသုဒ္ဓိမဂ်ကျမ်းတို့မှ စိတ်တို့၏ သရုပ်သချာကို ယူအပ်၏။ ။သုတ္တန္တစိတ္တမိဿက ဝိသေသ ပြီး၏။

---

## ၃-အဘိဓမ္မစိတ္တမိဿက ဝိသေသ

သုတ္တန္တစိတ္တမိဿကဝိသေသကို ဟောတော်မူသည်၏ အခြားမဲ့၌ အဘိဓမ္မစိတ္တ မိဿကဝိသေသကို ဟောတော်မူ၏။ ထို၌တုံသည်လည်း တိကမာတိကာ ဥဒ္ဒေသ ဒုကမာတိကာ ဥဒ္ဒေသအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် တိကမာတိကာ ဥဒ္ဒေသကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသည်လည်း ကုသလတိက် ဝေဒနာတိက် အစရှိသောအားဖြင့် နှစ်ဆဲ့နှစ်ပါး အပြားရှိ၏။ ထိုတွင် ကုသလတိက်ကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသည်လည်း ကုသလပဒ အကုသလပဒ အဗျာကတပဒအားဖြင့် သုံးပါး အပြားရှိ၏။ ထိုတွင်ကုသလပဒကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသည်လည်း ပုဂ္ဂလဝါရ ဓမ္မဝါရ ပုဂ္ဂလဓမ္မဝါရအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် ပုဂ္ဂလဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသည်လည်း ဥပ္ပါဒနိရောဓ ကာလသမ္ဘေဒဝါရ အစရှိသောအားဖြင့် တဆဲ့လေးပါးအပြားရှိ၏။ထိုတွင် ဥပ္ပါဒနိရောဓ ကာလသမ္ဘေဒဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထို၌တုံသည်လည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အနုလုံကို ရှေးဦးစွာဟောတော်မူ၏။ ဟောဟန်ကား ယဿ ကုသလံ စိတ္တံ ဥပ္ပဇ္ဇတိ နိရုဇ္ဈတိ။ တဿ ကုသလံ စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ။ ။ယဿဝါပန ကုသလံ စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ။ တဿ ကုသလံ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ ဟူသည်တည်း။ ။

ထိုနောင် ပစ္စနိက်ကို ဟောတော်မူ၏။ ဟောဟန်ကား ယဿ
ကုသလံ စိတ္တံ နုဉပ္ပဇ္ဇတိ နိရုဇ္ဈတိ။ တဿ ကုသလံ စိတ္တံ နနိရုဇ္ဈိဿ
တိ ဥပ္ပဇ္ဇိဿတိ။ ။ယဿဝါပန ကုသလံ စိတ္တံ နနိရုဇ္ဈိဿတိ
ဥပ္ပဇ္ဇိဿတိ။ တဿ ကုသလံ စိတ္တံ နဥပ္ပဇ္ဇတိ နိရုဇ္ဈတိ။ ဟူသည်
တည်း။ ။ဤသို့လျှင် ဥပ္ပါဒနိရောဓ ကာလသမ္ဘေဒဝါရ၌ ယမက
နှစ်ပါး။ ပုစ္ဆာလေးပါး။ အတ္ထရှစ်ပါးဖြစ်သတည်း။

ဤအတူ ဥပ္ပါဒုပ္ပန္န အစရှိသော တဆဲ့သုံးပါးသော ဝါရတို့ကို
လည်း ဟောလေ။ ။ဤသို့လျှင် ပုဂ္ဂလဝါရ၌ ဝါရငယ်တဆဲ့လေး
ပါး။ ယမက လေးဆဲ့နှစ်ပါး။ ပုစ္ဆာရှစ်ဆဲ့လေးပါး။ အတ္ထတရာ့
ခြောက်ဆဲ့ရှစ်ပါးဖြစ်သတည်း။

ဓမ္မဝါရလည်းဤအတူ ပုဂ္ဂလဓမ္မဝါရ၌လည်း ထိုအတူဖြစ်၏။
ဤသို့လျှင် ကုသလပဒ၌ ဝါရကြီးသုံးပါး။ ဝါရငယ်လေးဆဲ့နှစ်
ပါး။ ယမက တရာ့နှစ်ဆဲ့ခြောက်ပါး။ ပုစ္ဆာနှစ်ရာ့ငါးဆဲ့နှစ်ပါး။
အတ္ထငါးရာ့လေးပါးဖြစ်သတည်း။ ဤအတူ အကုသလပဒ အဗျာ
ကတပဒ တို့၌လည်း အသီးအသီး ဖြစ်ကုန်၏။ ။ဤသို့လျှင်
ကုသလတိက်၌ ပဒသုံးပါး။ ဝါရကြီးကိုးပါး။ ဝါရငယ်တရာ့
နှစ်ဆဲ့ခြောက်ပါး။ယမကသုံးရာ့ခုနစ်ဆဲ့ရှစ်ပါးပုစ္ဆာခုနစ်ရာ့ငါးဆဲ့
ခြောက်ပါး။ အတ္ထတထောင့်ငါးရာ့တဆဲ့နှစ်ပါးဖြစ်သတည်း။ ။
ကုသလတိက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝေဒနာတိက်
ကိုဟောတော်မူ၏။ ။ကုသလတိက်အတိုင်း တိက်ကုန်အောင်
ဟောလေ။ ။ဤသို့လျှင် တိကမာတိကာ ဥဒ္ဒေသ၌ ပဒခြောက်
ဆဲ့ခြောက်ပါး။ဝါရကြီး တရာ့ကိုးဆဲ့ရှစ်ပါး။ဝါရငယ် နှစ်ထောင်
ခုနစ်ရာ့ ခုနစ်ဆဲ့ နှစ်ပါး၊ ယမက ရှစ်ထောင် သုံးရာတဆဲ့
ခြောက်ပါး။ ပုစ္ဆာတသောင်းခြောက်ထောင် ခြောက်ရာ့သုံးဆဲ့
နှစ်ပါး။ အတ္ထသုံးသောင်း သုံးထောင်နှစ်ရာ့ခြောက်ဆဲ့လေးပါး
ဖြစ်သတည်း။ ။တိကမာတိကာ ဥဒ္ဒေသပြီး၏။

တိကမာတိကာ ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌
ဒုကမာတိကာ ဥဒ္ဒေသကို ဟောတော်မူ၏။ ထိုဒုကမာတိကာ

ဥဒ္ဒေသ၌ တုံသည်လည်း ဟေတုဂေါစ္ဆက အစရှိသောအားဖြင့် တဆဲ့သုံးပါးအပြားရှိ၏။ ထိုတွင် ဟေတုဂေါစ္ဆကကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသည်လည်း ဟေတုဒုက် အစရှိသော အားဖြင့် ခြောက်ပါးအပြားရှိ၏။ထိုတွင် ဟေတုဒုက်ကို ရှေးဦးစွာ ဟောတော်မူ၏။ လ။ ဤသို့ အစရှိသော နည်းဖြင့် သရဏ ဒုက်တိုင်အောင် ဟောတော်မူ၏။ ။ဤသို့လျှင် ဒုကမာတိကာ ဥဒ္ဒေသ၌ပဒနှစ်ရာ။ ဝါရကြီးခြောက်ရာ။ ဝါရငယ် သုံးထောင် လေးရာ။ ယမက တသောင်း နှစ်ထောင့် ခြောက်ရာ။ ပုစ္ဆာ နှစ်သောင်း ငါးထောင့် နှစ်ရာ။ အတ္ထ ငါးသောင်းလေးရာ ဖြစ် သတည်း။ ။ဤသို့လျှင် စိတ္တယမိုက်၏ မာတိကာဋ္ဌာန၌ ယမက သုံးသောင်း ငါးထောင် ခြောက်ရာ့ ငါးဆဲ့ရှစ်ပါး။ ပုစ္ဆာခုနစ် သောင်း တထောင့် သုံးရာ့တဆဲ့ ခြောက်ပါး။ အတ္ထ တသိန်း လေးသောင်း နှစ်ထောင် ခြောက်ရာ့ သုံးဆဲ့နှစ်ပါး ဖြစ်သတည်း။ ဧကသတ္တတိသဟဿံ၊ တိသတသောဠသုတ္တရံ။ သမ္ဘာသံစိတ္တ ယမကေ၊ ပုစ္ဆာနံသမုဒ္ဒိသေ။ ။ရုပ်သာရ၍ စိတ်စေတသိက် မရသောပုဒ်တို့ကို မောဃပုစ္ဆာအားဖြင့် ဟောတော်မူ၏။ ။ ထိုကြောင့် အဋ္ဌကထာ၌ ယာနိပေတ္ထသနိဒဿနာဒီနိ စိတ္တေန သဒ္ဓိံ နယုဇ္ဇန္တိ။ တာနိ မောဃပုစ္ဆကဝသေန ဂဟိတာနိဟု မိန့်အပ်၏။ ။ဥဒ္ဒေသပြီး၏။

---

## နိဒ္ဒေသ
### ၁-သုဒ္ဓစိတ္တသာမည ၁-ပုဂ္ဂလဝါရ
### ၁-ဥပ္ပါဒနိရောဓကာလ သမ္ဘေဒဝါရ

ဥဒ္ဒေသကို ဟောတော်မူသည်၏ အခြားမဲ့၌ နိဒ္ဒေသကိုဟော တော်မူ၏။ ထိုနိဒ္ဒေသ၌ တုံသည်လည်း သုဒ္ဓစိတ္တ သာမည သုတ္တန္တစိတ္တ မိဿကဝိသေသ အဘိဓမ္မစိတ္တမိဿက ဝိသေသ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင် သုဒ္ဓစိတ္တသာမညကို ရှေးဦး

စွာဟောတော်မူ၏။ ထို၌တုံသည်လည်း ပုဂ္ဂလဝါရ ဓမ္မဝါရ ပုဂ္ဂလဓမ္မဝါရအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်ပုဂ္ဂလဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုပုဂ္ဂလဝါရ၌ တုံသည်လည်း ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ အစရှိသောအားဖြင့် တဆဲ့လေးပါး အပြားရှိ၏။ ထိုတွင် ဥပ္ပါဒနိရောဓကာလ သမ္ဘေဒဝါရကို ရှေးဦးစွာ ဟောတော် မူ၏။ ထို၌ တုံသည်လည်း အနုလုံ ပစ္စနိက် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် အနုလုံကို ရှေးဦးစွာဟောတော်မူ၏။ ထို အနုလုံ၌တုံသည်လည်း အနုလောမ ပဋိလောမ အားဖြင့် နှစ်ပါး အပြား ရှိ၏။ ထိုတွင် အနုလောမကိုရှေးဦးစွာ ဟောတော် မူ၏။ ထို၌ တုံသည်လည်း ပုစ္ဆာ ဝိဿဇ္ဇနာ အားဖြင့် နှစ်ပါး အပြားရှိ၏။ တိုတွင် ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌ တုံသည်လည်း သန္နိဋ္ဌာန် သံသယ အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင်သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ ဟူသည်တည်း။ ထိုနောင် သံသယကို ဟောတော် မူ၏။ ဟောဟန်ကား တဿ စိတ္တံ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ ဟူသည်တည်း။ ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိဿဇ္ဇနာကို ဟောတော်မူ၏။ ဟောဟန်ကား ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိ။ ဣတရေသံ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံစိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ၊ နိရုဇ္ဈိဿတိစေဝ ဥပ္ပဇ္ဇိဿတိစ ဟူသည်တည်း။ ။အနုလောမကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမကို ဟောတော်မူ၏။ ထို၌ တုံသည်လည်း ပုစ္ဆာ ဝိဿဇ္ဇနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထို၌တုံသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ ဟန်ကား ယဿဝါပန စိတ္တံ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတိဟူသည်တည်း။ ထိုနောင် သံသယကို ဟောတော်မူ၏။ ဟန်ကား တဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ

ဟူသည်တည်း။ ။ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိသဇ္ဇနာကို ဟောတော်မူ၏။ ဟန်ကား အာမန္တာ ဟူသည်တည်း။

၆၃။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ စိတ္တံ၊စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ နနိရုဇ္ဈတိ၊ချုပ်ဆဲမဟုတ်။ တဿ၊ ထိုပုဂ္ဂိုလ်အား။ စိတ္တံ၊ စိတ်သည်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့။ နဥပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့လော။ ဣတိပုစ္ဆာယံ၊ဤသို့သောအမေးသည်။ သတိ၊ရှိသော်။ပစ္ဆိမစိတ္တဿ၊ ပစ္ဆိမစိတ်၏။ ဥပ္ပါဒက္ခဏေ၌။ ဝတ္တမာနာနံ၊ ဖြစ်ကုန်သော။ တေသံ၊ထိုပုဂ္ဂိုလ်တို့အား။ စိတ္တံ၊သည်။ ဥပ္ပဇ္ဇတိ၊ဆဲ။ နနိရုဇ္ဈတိ၊ ချုပ်ဆဲမဟုတ်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့။ နဥပ္ပဇ္ဇိဿတိ မဖြစ်လတ္တံ့။ ဣတရေသံ၊ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီ ပုဂ္ဂိုလ်မှ တပါးကုန်သောပုဂ္ဂိုလ်တို့အား။ စိတ္တဿ၊၏။ ဥပ္ပါဒက္ခဏေ၊ ဥပ္ပါဒက္ခဏ၌။လ။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ စိတ္တံ၊သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ နနိရုဇ္ဈတိ၊ ချုပ်ဆဲမဟုတ်။ နိရုဇ္ဈိဿတိစေဝ၊ ချုပ်လည်း ချုပ်လတ္တံ့။ ဥပ္ပဇ္ဇိဿတိစ၊ ဖြစ်လည်း ဖြစ်လတ္တံ့။ ။ပဋိလောမ၌ အနက်လွယ်ပြီ။ ။အနုလောမ၌ သန္နိဋ္ဌာန်ကား ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီ အရဟတ္တဖလဋ္ဌာန်မှတပါး ခပ်သိမ်းသော စိတ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် ၈လးယောက် အရိယာရှစ်ယောက်ရ၏။ ။တိဟိတ် စုတိတေရသ အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်လည်းရ၏။ သံသယကား နောက်သာရ၏။

ထိုသို့ရသောကြောင့် အကြင် ပုဂ္ဂိုလ်အား စိတ်ဖြစ်ဆဲ ချုပ်ဆဲမဟုတ်။ ထိုပုဂ္ဂိုလ်အား စိတ်ချုပ်လတ္တံ့လောဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိသော်လည်း ဝေနေယျဇ္ဈာသယ အားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပုရေပဉှာ ပုစ္ဆာ ပဉှာနှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော ပရိပုဏ္ဏ ပဉှာအားဖြင့် မေးတော်မူသည်အား လျောက်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏ အရဖြစ်၍ သံသယပုဒ်၏ အရမဖြစ်ကောင်းသော ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ပုဂ္ဂိုလ်မှတပါးသော ခပ်သိမ်းသောစိတ်တို့၏ ဥပ္ပါဒက္ခဏ

